


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ခြင်ကိုက်တဲ့ဥစ္စာ အပါယ်မှရောက်ပါ့မလား

## သတိပဋ္ဌာန်သုံးမျိုး

(၁၈၂)

ဟောကြားသည့်နေ့
၂၅-၁၁-၆၁

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူအပ်သော တရားတော်

# ခြင်ကိုက်တဲ့ဥစ္စာ အပါယ်မှရောက်ပါ့မလား

## (သတိပဋ္ဌာန်သုံးမျိုး)

ဟောကြားသည့်နေ့ (၂၅-၁၁-၆၁)

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပုထုဇဉ်များ ဝေဒနာခံစားတာနဲ့၊ သုတဝါ အရိယ သာဝကော ဖြစ်တဲ့ ပုဂ္ဂိုလ် ဝေဒနာ ခံစားတာနဲ့၊ တစ်နည်း အရိယာ ဝေဒနာခံစားတာနဲ့၊ ရဟန်းတစ်ပါးက မေးလို့၊ သံယုတ်ပါဠိတော် ဝေဒနာသံယုတ်မှာ ဘယ်လိုများ ထူးခြားသလဲလို့ မေးတယ်။

ပုထုဇဉ်လည်း သုခ၊ ဒုက္ခ၊ ဥပေက္ခာ ရှိတာပဲ။ အရိယာမှာလည်း သုခ၊ ဒုက္ခ၊ ဥပေက္ခာ ရှိတာပဲ။

ရှိပင် ရှိငြားသော်လည်းတဲ့၊ ဝေဒနာခံစားပုံချင်း ထူးခြားတာကို တပည့်တော်များ သိပါရစေ ဆိုတော့၊•ဝေဒနာခံစားပုံ ဟာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်။

## စိတ်နှင့်ဝေဒနာသည် သဟဇာတ

ဘာဟောနေသလဲလို့ ဒကာဒကာမတွေ မေးလို့ရှိရင် ဝေဒနာနုပဿနာ ရှုတာလွဲမှာစိုးလို့. . . (မှန်ပါဘုရား) ဝေဒနာ နုပဿနာ ရှုရင် စိတ္တာနုပဿနာလည်း ပါသွားတာပဲ . . (မှန်ပါဘုရား)။

စိတ်နှင့်ဝေဒနာသည် သဟဇာတပစ္စည်းလို့မှတ် . . . (မှန်ပါဘုရား) သဟဇာတဆိုတာ အတူတကွ ဖြစ်တာ၊ အဲဒီ ကဲ့သို့ သိထားတော့ ငါထူးခြားတာ ဟောမယ်ဟေ့!

ပုထုဇဉ် ဘာမှမသိတဲ့ ပုဂ္ဂိုလ် ဝေဒနာခံစားတာနဲ့၊ သိကြားလိမ္မာတဲ့ ပုဂ္ဂိုလ် ဝေဒနာခံစားတာ ထူးခြားတာ ငါပြမယ်တဲ့၊ ပုထုဇဉ် အရင်ပြမယ်ဟေ့တဲ့။

ပုထုဇဉ်ကတော့ ဥပမာမယ် ဒကာသစ်ဖြစ်စေ၊ ဦးသံဒိုင် ဖြစ်စေ ဒုက္ခဝေဒနာလေး တစ်ခုပေါ်တယ်၊ ဒုက္ခဝေဒနာလေး တစ်ခုပေါ်လာတယ်၊ နာတယ်၊ ကျင်တယ်၊ ကိုက်တာ၊ ခဲ တာလေး ပေါ်လာတယ်၊ ဒေါမနဿ နောက်ကလိုက်တယ်။

## ပုထုဇဉ်သဘော

ပုထုဇဉ်က ဒုက္ခနောက်က ဘာလိုက်တုံး . . . (ဒေါမနဿ လိုက်ပါတယ်ဘုရား) ဒုက္ခနောက်က ဒေါမနဿ လိုက်တယ်တဲ့ ပုထုဇဉ်ထုံးစံက၊ ဒုက္ခနောက်က ဒေါမနဿ လိုက်တယ်။ ဦးသံဒိုင် ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ပုထုဇဉ်က ဘာလိုက်တုံး . . . (ဒုက္ခနောက်က ဒေါမနဿ လိုက်ပါတယ်ဘုရား)။

ဒုက္ခက ကာယိကဒုက္ခ၊ ဒေါမနဿက ဒေါသဇော အဲဒီကဲ့သို့ လိုက်နေတော့ ဒါ ပုထုဇဉ်ထုံးစံတဲ့ . . . (မှန်ပါ့) ပုထုဇဉ် ထုံးစံ ဒုက္ခနောက်က ဒေါမနဿ လိုက်တာ။

## ခြင်ကိုက်လို့ယားတယ်

ဥပမာ ခြင်ကလေးက ကိုက်လို့ ယားတယ်၊ ယားတဲ့ဒုက္ခ ဝေဒနာ ပေါ်တယ်၊ ပွတ်ချေပစ်လိုက်တယ်၊ ဒေါမနဿ . . . (မှန်ပါ့) သန်းကိုက်လို့ ယားတယ်၊ ပွတ်ချေပစ်လိုက်တယ်။

ဒုက္ခနောက်က ဘာလိုက်ကြတာတုံး . . . (ဒေါမနဿ ပါဘုရား) ဒုက္ခနောက်က ဒေါမနဿ လိုက်တယ်တဲ့။ အဲဒီ ဒေါမနဿ လိုက်တာဆိုတော့ သူ့မှာတဲ့ လုံ့, ထိုးတဲ့အခါ ကျတော့ ပြင်ဖက်တစ်ချက် အထိုးခံရတဲ့အပြင် အတွင်းတစ်ချက် အထိုးခံရတယ် . . . (မှန်ပါ)။

အပြင်ဖက် ဒုက္ခဝေဒနာ၊ အတွင်းက ဒေါမနဿ ပေါ်တော့ အတွင်းလည်း အထိုးခံရတာပဲ . . . (မှန်ပါဘုရား)။

သူများက မြားနဲ့ ပစ်လိုက် ပစ်လိုက်၊ လှံနဲ့ပစ်လိုက် ပစ်လိုက် ပုထုဇဉ်မှာ နှစ်ချက်ခံချည့် ဖြစ်ရတယ် . . . (မှန်ပါဘုရား) ဒုက္ခတစ်ချက်၊ ဒေါမနဿတစ်ချက်၊ နှစ်ချက်ခံဖြစ်နေတယ် . . . (မှန်ပါဘုရား)။

## ဒေါမနဿလာတယ်

ဩော် . . . ပုထုဇဉ်ဟာ မသိမ်းဆည်းတတ်တော့ ဒါဖြစ်နေတာပဲ၊ ဒုက္ခနောက်က ဒေါမနဿ၊ လှံ-အပြင်က တစ်ချက်ထိုး၊ အတွင်းတစ်ချက်ထိုး နှစ်ချက်ခံ ဖြစ်နေတယ် . . . (မှန်ပါ)။

အပြင်ဖက်က တစ်ချက်နာတာနဲ့ အတွင်းက ဒေါမနဿ နာတာနဲ့ဆိုတော့ တစ်ချက်တည်း ဒုက္ခဝေဒနာ ပေါ်လာတာ နှစ်ချက်ခံရတဲ့ အဓိပ္ပာယ်ရောက်ပါတယ် . . . (ရောက်ပါတယ်ဘုရား)။

ဒါ ပုထုဇဉ် ထုံးတမ်းကွ၊ ဘုရားက . . . (မှန်ပါ) ဒါတင် မကသေးဘူးကွတဲ့၊ ဒုက္ခနောက်က ဒေါမနဿ လိုက်တာတင် မကသေးဘူးကွတဲ့၊ ဘာပေါ်လာသေးတုံး ဆိုတော့ ဒီဒုက္ခဝေဒနာလေးကို ပျောက်ချင်တဲ့ တဏှာက လိုက်သေးတယ် . . . (မှန်ပါဘုရား)။

## တဏှာလာတယ်

ပျောက်ခဲလှတာ၊ ပျောက်ချင်လှပြီ ဆိုတော့ တဏှာက လည်း လိုက်သေးတယ်၊ ဒါဖြင့် ဘယ်နှစ်ချက် ရှိသွားပြီတုံး (သုံးချက်ပါဘုရား) ဒုက္ခလေး တစ်ချက်ပေါ် ကာရှိသေး ခင်ဗျား တို့ ဒေါမနဿလေး လိုက်ပြီးပြီ . . . (မှန်ပါဘုရား) လောဘ ကကော . . . (လိုက်ပြီးပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ပုထုဇဉ်မှာဖြင့် ဒေါမနဿ၏ ဖြစ်မှုပျက်မှုကိုလည်း သူ နှလုံးမသွင်းနိုင်ဘူး၊ တဏှာ သောမနဿ တို့၏ ဖြစ်မှု ပျက်မှုကိုလည်း နှလုံးမသွင်းနိုင်ဘူး . . . (မှန်ပါ ဘုရား)။

နှလုံးမသွင်းနိုင်တော့ ဒုက္ခ၏ ဖြစ်ပျက်မှုကိုလည်း သူမသိ၊ ဒေါမနဿ၏ ဖြစ်ပျက်မှုကိုလည်း သူမသိ၊ ၎င်းနောက် သော မနဿ၏ ဖြစ်ပျက်မှုကိုကော . . . (မသိပါဘူးဘုရား) လောဘ သောမနဿ၏ ဖြစ်ပျက်မှုကိုလည်း မသိ . . . (မှန်ပါဘုရား)။

## မသိတာက အဝိဇ္ဇာ

ထိုကဲ့သို့ မသိတော့ မသိတာဘာတုံးလို့ မေးပြန်တော့ အဝိဇ္ဇာနုသယကိန်းသွားတယ် . . . (မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့မှာ ပုထုဇဉ်မှာ ဒုက္ခတစ်ခု ပေါ်မှာ သိပ်ကြောက်စရာ ကောင်းတယ် . . . (မှန်လှပါဘုရား) ပုထုဇဉ်

မှာ ဒုက္ခတစ်ခုပေါ်တာကို . . . (ကြောက်စရာ ကောင်းပါတယ်ဘုရား) ကြောက်စရာ အလွန် အင်မတန်ကောင်းတယ်လို့ မှတ်ပါ . . . (မှန်ပါဘုရား)။

ဒုက္ခနောက်က ဒေါမနဿ လိုက်တာလည်း မသိဘူး၊ သောမနဿ လိုက်တာလည်း . . . (မသိပါဘူးဘုရား) ဥပေက္ခာ လိုက်တာလည်း . . . (မသိပါဘူးဘုရား)။

ဒါဖြင့် ဒီလို လုပ်ကြပါ၊ ခင်ဗျားတို့မှာ ဒုက္ခဝေဒနာ တစ်ခုပေါ်တယ်ဆိုရင်ဖြင့် ပဋိဃာနုသယဆိုတဲ့ ဒေါသလည်း ကိန်းတာပဲ . . . (မှန်ပါ)။

ကာမရာဂါနုသယဆိုတဲ့ လောဘဟာလည်း နောက်က လိုက်လာတာပဲ . . . (မှန်ပါ) အဝိဇ္ဇာနုသယဆိုတဲ့ မောဟကလည်း မြင်လို့ လိုက်လာတာပဲ . . . (မှန်ပါဘုရား) အနုသယဘယ်နှစ်ပါးလိုက်တုံး . . . (သုံးပါးပါဘုရား)။

## အနုသယဘယ်နှစ်ပါးလိုက်သတုံး

ခင်ဗျားတို့ ဒုက္ခရောက်မှာ ကြောက်စရာကြီးပါလား . . . ဒကာဒကာမတွေ ဒုက္ခတစ်ခု ပေါ်မှာ . . . (ကြောက်စရာကြီးပါဘုရား) ကြောက်စရာ အင်မတန်ကောင်းတယ်၊ အနုသယဘယ်နှစ်ပါးလိုက်လာတုံး. . . (သုံးပါးစလုံးလိုက်ပါတယ်ဘုရား)။

ပဋိဃာနုသယဆိုတဲ့ ဒေါသကလိုက်လာတယ်၊ ကာမရာဂါနုသယဆိုတဲ့ လောဘ၊ အဝိဇ္ဇာနုသယဆိုတဲ့. . . (မောဟကလိုက်ပါတယ်ဘုရား) ဟာ ဦးသံဒိုင်တို့ ကိုယ်ကျိုးနည်းတာပေါ့ . . . (မှန်ပါ့)။

အကြားအမြင် မရှိဘူးတဲ့ သူ့မှာ၊ အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်မှာဖြင့် ဒါတွေ လိုက်မှာပဲတဲ့၊ အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ်မှာ အနုသယ ဘယ်နှစ်ပါးလိုက်ပါလိမ့် . . . (သုံးပါးလိုက်ပါတယ်ဘုရား) သုံးပါးလိုက်တယ်၊ ဒါ အနုသယသဘောနဲ့ ပြောလိုက်ပါတယ်။

ဒါ အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်၊ သုတဝါ အရိယသာဝကော မဖြစ်တဲ့ ပုဂ္ဂိုလ်၊ အရိယာ မဖြစ်သေးတဲ့ ပုဂ္ဂိုလ်မှာ၊ ဒါတွေကဖြင့် လိုက်နေတာပဲ၊ ဒါတွေက ဘယ့်နှယ်ကြောင့် ဒါတွေ လိုက်ပါလိမ့်မတုံးလို့ ဦးသံဒိုင်မေးရင် ဘယ့်နှယ်ဖြေပါ့မတုံး . . . (အကြားအမြင် မရှိလို့ပါဘုရား) အကြားအမြင်မရှိဘူး။

ဒကာဒကာမတွေ ဘယ့်နှယ် ဖြေကြမတုံး . . . (အကြားအမြင် မရှိလို့ပါဘုရား) အကြားအမြင်မရှိဘူး ဩော် . . . အကြားအမြင်မရှိတာဟာ သိပ်ကြောက်စရာ ကောင်းတဲ့ အလုပ်ပါလားဆိုတာ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါဘုရား)။

## အကြားအမြင်မရှိတာ ကြောက်စရာ

အကြားအမြင်မရှိတာ . . . (ကြောက်စရာ ကောင်းပါတယ်ဘုရား) အနုသယဘယ်နှစ်ပါးလိုက်တုံး . . . (သုံးပါးလိုက်ပါတယ်ဘုရား) အင် . . . ပဋိဃာနုသယ - ဒေါသလိုက်တယ်၊ ကာမရာဂါနုသယ - ပျော်ချင်တဲ့ လောဘလိုက်တယ်၊ အဝိဇ္ဇာနုသယ - မောဟလိုက်တယ်တဲ့။

ဒီဟာလေးတွေ ဒုက္ခ၏ ဖြစ်ပျက်လည်း မသိ၊ ဒေါမနဿ၏ ဖြစ်ပျက်ကိုလည်း . . . (မသိပါဘူးဘုရား)။

မသိတော့ မသိတာက အဝိဇ္ဇာနုသယ . . . (မှန်ပါ) ဒါဖြင့် အနုသယဘယ်နှစ်ပါး လိုက်သတုံး . . . (သုံးပါးလိုက်ပါတယ်ဘုရား) အနုသယ သုံးပါးလိုက်တယ်။

ဩော် . . . ပုထုဇဉ် ခြင်ကိုက်ရင်လည်း အနုသယ သုံးပါးကိန်းပေါ့ . . . (မှန်ပါ) မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား) အနုသယသုံးပါး အစဉ်အတိုင်း ကိန်းသွားပြီ၊ အောင်သွားပြီ ဆိုလို့ရှိရင် လွဲကြပါ့မလား . . . (မလွဲပါဘူးဘုရား)။

ဒါ ဘာဖြစ်လို့ အလိုက်ခံရပါလိမ့်မတုံးမေးတော့ "အသုတဝါ ပုထုဇ္ဇနော"မို့ . . . (မှန်ပါ) အကြားအမြင်မရှိတဲ့ ပုထုဇဉ်ဖြစ်ပါတယ်တဲ့၊ အကြားအမြင်မရှိတဲ့ ပုထုဇဉ်ဖြစ်ပြီး သကာလ နေတော့၊ ဒါ ခင်ဗျားတို့မှာဖြင့် ထုံးတမ်းပဲတဲ့၊ မောင်သစ် ထုံးတမ်းပဲ ဆိုပါတော့ . . . (မှန်ပါ)။

ဒါ ခု ဘုန်းကြီးဟောတဲ့ တရားမျိုး မနာဘူးတဲ့ ပုဂ္ဂိုလ်မှာ ဦးသံဒိုင်က ဆုံးဖြတ်ချက်ချကြည့် ဒီသုံးပါး လိုက်၊ မလိုက် . . . (လိုက်ပါတယ်ဘုရား) ပုထုဇဉ်မှာ ဒါလိုက်တယ်ကွတဲ့ . . . (မှန်ပါ) ကြောက်စရာကြီးပါလား . . . (မှန်ပါဘုရား)။

## ပဋိစ္စသမုပ္ပါဒ်သဘော

ကဲ . . . ဒါက အနုသယသဘောနဲ့ ပြောပြီးပါပြီ ပဋိစ္စသမုပ္ပါဒ် သဘောနဲ့ ပြောပါဦးမယ်။ ပဋိစ္စသမုပ္ပါဒ် သဘောနဲ့ ပြောတော့ ဒုက္ခနောက်က ဒေါသလိုက်လာတယ်။

ဒေါသ လိုက်လာရင် "သောက ပရိဒေဝ ဒုက္ခဒေါမနဿ ဉပါယာသ" ဆိုတာ မလာဘူးလား . . . (လာပါတယ်ဘုရား) လာပြန်ပြီလို့ရှိရင်ဖြင့်တဲ့ ပဋိစ္စသမုပ္ပါဒ် အဆုံးကနေပြီးသကာလ အစပြန်ပတ်မှာပဲ . . . (မှန်ပါဘုရား)။

အဆုံးကနေပြီးတော့ . . . (အစပြန်ပတ်မှာပါဘုရား) အဆုံးကနေ အစပြန်ပတ်ပြန်တော့လည်း သံသရာတစ်ပတ် လည်လိုက်တာပဲ . . . (မှန်ပါဘုရား)။

တစ်ခါ သွားပါဦးတဲ့၊ ပျောက်ချင်တဲ့ တဏှာလာတဲ့ သောမနဿ ဝေဒနာကိုလည်း ဝမ်းသာချင်တဲ့ ဝေဒနာကိုလည်း မသိပြန်တော့ ပဋိစ္စသမုပ္ပါဒ် အလယ်က ဖောက်စတယ် . . . (မှန်ပါဘုရား)။

တဏှာပစ္စယာ . . . (ဥပါဒါန် ပါဘုရား) ဥပါဒါနပစ္စယာ . . . (ကမ္မဘဝပါဘုရား) ဒီလှည့်နေတယ် . . . (မှန်ပါ) နှစ်ပတ်ရှိသွားပြီ တစ်ခါ ဒီဥစ္စာ၏ ဖြစ်ပျက်ကို သူမမြင်ပြန်ဘူး၊ ဒုက္ခ၏ ဖြစ်ပျက်ကိုလည်း မမြင်၊ ဒေါမနဿ၏ ဖြစ်ပျက်ကိုလည်း မမြင်၊ သောမနဿ၏ ဖြစ်ပျက်ကော . . . (မမြင်ပါဘူးဘုရား)။

မမြင်တာက အဝိဇ္ဇာ၊ အင်း . . . စပြန်ပြီ ပဋိစ္စသမုပ္ပါဒ် အစက ပြန်စတယ်၊ အဝိဇ္ဇာ ပစ္စယာ . . . (သင်္ခါရာပါဘုရား)၊ သင်္ခါရပစ္စယာ . . . (ဝိညာဏ်ပါဘုရား)။

ဝိညာဏ်ဆိုတော့လည်း ခင်ဗျားတို့ သိတဲ့အတိုင်းတဲ့ အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန်အကျိုး စပ်သွားတယ်၊ မစပ်ဘူးလား . . . (စပ်ပါတယ်ဘုရား)။

## ခြင်ကိုက်တဲ့ဥစ္စာ အပယ်မှရောက်ပါ့မလား

ဩော် . . . ခင်ဗျားတို့ ခြင်ကိုက်တဲ့ဥစ္စာ အပယ်မှ ရောက်ပါ့မလား . . . (ရောက်မှာပါဘုရား) ခြင်ကိုက်လည်းခံရ သေးတယ် အပယ်လည်း ရောက်သေးတယ် . . . (မှန်ပါဘုရား) သဘောပါကြပြီလား . . . (ပါပါပြီဘုရား)

ခြင်လည်းကိုက်သေးတယ် . . . (အပယ်လည်း ရောက်ပါတယ်ဘုရား) ကြမ်းပိုးလည်းကိုက်သေးတယ် . . . (အပယ်လည်း ရောက်ပါတယ်ဘုရား) အပယ်လည်း ရောက်သေးတယ်

ဆိုတော့ . . . (အပါယ်လည်းရောက်ပါတယ်ဘုရား) အပါယ် လည်း ရောက်သေးတယ်ဆိုတော့ ကိုယ့်ကိုက်လို့ ကိုယ်လုပ်တာ ကျုပ်တို့တော့ မတတ်နိုင်ဘူး၊ မတတ်နိုင်ဘူးတဲ့။ သူတတ်နိုင်တဲ့ နည်း သိကို မသိဘူး . . . (မှန်ပါ)။

## ခြင်ကိုက်ရင် အပါယ်သွားမယ်

ဒါဖြင့် ဒီဒကာ ဒကာမတွေ ခြင်ကိုက်မှာ စိုးရိမ်ရတယ် . . . (မှန်ပါဘုရား)။ ခြင်ကိုက်ရင် အပါယ်သွားမယ် . . . (မှန်ပါဘုရား) ခြင်ကိုက်ရင် . . . (အပါယ်သွားမှာပါဘုရား) ခြင်ကိုက်ရင် အပါယ်သွားမယ်တဲ့။

သွားတာ၊ မသွားတာကို ဘယ်သူက သက်သေခံတုံး ဆိုတော့ ပဋိစ္စသမုပ္ပါဒ်က သက်သေခံတယ် . . . (မှန်ပါ) အနုသယကကော . . . (သက်သေခံပါတယ်ဘုရား)။

အနုသယကလည်း သက်သေခံ၊ ပဋိစ္စသမုပ္ပါဒ်ကကော . . . (သက်သေခံပါတယ်ဘုရား) ဒါက အကြားအမြင်သာ မရှိတဲ့ ပုဂ္ဂိုလ်မှာဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီသုံးပါးပဲ ကွတဲ့၊ ဒါလိုက်မှာပဲ ဆိုတော့ ခြင်တစ်ခါကိုက်လို့ရှိရင်ဖြင့် ပဋိစ္စ သမုပ္ပါဒ် သုံးမျိုးစလုံး ပေါ်လာတယ် . . . (မှန်ပါဘုရား)။

## ခြင်တစ်ခါကိုက်ရင်

ခြင်တစ်ခါကိုက်ရင် . . . (ပဋိစ္စသမုပ္ပါဒ် သုံးမျိုးစလုံး ပေါ်ပါတယ်ဘုရား) ကြောက်စရာကြီးပါလား ဒီ အဓိပ္ပာယ်မျိုးကို မြတ်စွာဘုရားဒေသနာတော်လည်း မနှံ့၊ ထုံးစံအတိုင်းနဲ့သာ နေကြမယ်ဆိုရင်ဖြင့် ဒီခြင်ကိုက်မှုသည်ပင်လျှင် ကြီးလေးစွာသော အပြစ်ကြီးသင့်တယ်ဆိုတာ ဦးသံဒိုင်က ငြင်းဖို့ လိုသေးသလား . . . (မလိုပါဘူးဘုရား)။

မလိုတော့ဘူး၊ ဘာကြောင့်တုံးဆိုလို့ရှိရင် "အသုတဝါ ပုထုဇ္ဇနော" ပဲ၊ အကြားအမြင်က တယ်နည်းတယ်၊ ခြင်ကိုက် တာနဲ့ အပါယ်ရောက်တယ် . . . (မှန်ပါဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

## ခြင်ကိုက်တာနဲ့အပါယ်ရောက်တယ်

ခြင်ကိုက်တာနဲ့ပဲ (အပါယ်ရောက်ပါတယ်ဘုရား) အပါယ် ရောက်ကြတယ်ဆိုလို့ရှိရင်ဖြင့် ဦးသံဒိုင် ကောင်းနိုင်စရာ ရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

ဒါဖြင့် ခြင်မကိုက်တဲ့ ပုဂ္ဂိုလ်က ရှာမှရှား . . . (မှန်ပါ ဘုရား) ခြင်မကိုက်တဲ့ ပုဂ္ဂိုလ် . . . (ရှာမှရှားပါဘုရား) ဒါဖြင့် ခြင်ကိုက်တိုင်းလည်း အကြားအမြင်မရှိလို့ရှိရင်ဖြင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အတိုင်း အပါယ်သွားရုံပဲ . . . (မှန်ပါဘုရား)။

ဒီပြင် ခင်ဗျားတို့ ဖြတ်လမ်းမြင်သေးရဲ့လား . . . (မမြင်ပါဘူးဘုရား) အင်း . . . ပုထုဇဉ် ယားမှာလည်း စိုးရိမ်ရတယ်၊ နာမှာလည်း (စိုးရိမ်ရပါတယ်ဘုရား)။

ဘာပြုလို့ စိုးရိမ်ရသတုံး မေးလို့ရှိရင် သူယားတာ သူနာတာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် သူ အပါယ်သွားကြောင်း ပဋိစ္စသမုပ္ပါဒ်ကို မသိမ်းဆည်းနိုင်တော့ဘူး . . . (မှန်ပါ) သိမ်းဆည်းနိုင်ကြသေးရဲ့လား . . . (မသိမ်းဆည်းနိုင်ပါဘူး ဘုရား)။

ဘာပြုလို့ မသိမ်းဆည်းနိုင်တုံးဆိုတော့ အကြားအမြင်က မရှိဘူး၊ ပေါ်ကြပြီလား . . . (ပေါ်ပါပြီဘုရား) ဘာတဲ့တုံး . . . (အကြားအမြင်မရှိလို့ပါဘုရား)။

## ခေါင်းမွေးဖြူနေလည်း သွားရမှာပဲ

ဦးသံဒိုင်ရဲ့ အဘိုးကြီး ဆံပင်ဖြူ ခေါင်းမွေးဖြူပြီး သကာလ တောင်ဝှေးထောက်ပြီးတော့ ခါးကုန်းကုန်းနဲ့ ညည်းနေပေမယ့်လည်း သွားရမှာပဲ . . . (မှန်ပါ) သွားရမှာပဲ ဒါရွှေ့လို့ ပြောင်းလို့တော့ ရမှာမဟုတ်ဘူး . . . (မရပါဘူး ဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ဆိုတာ ဘုရားပွင့်သည် ဖြစ်စေ မပွင့်သည်ဖြစ်စေ၊ နိယာမ တရား . . . (မှန်ပါ) ဖြတ်နိုင်ရင်

ဖြတ်ကြ၊ မဖြတ်နိုင်ရင် သူကတော့ဖြင့် ဒီပဋိစ္စသမုပ္ပါဒ် သုံးမျိုးကတော့ဖြင့် လာမှာပဲ . . . (မှန်ပါဘုရား)။

ဒီလို လာခဲ့လို့ရှိရင်လည်း ခင်ဗျားတို့က သိမ်းဆည်းတတ်တဲ့၊ ဖြတ်တတ်တဲ့ဉာဏ်ကလည်း မလာ၊ သွားမြဲတိုင်း လမ်းသွားရုံပဲ ရှိမှာပဲ . . . (မှန်ပါဘုရား)။

## လူတစ်သိန်းမှာ တစ်ယောက် သုဂတိမရောက်

ဒါကြောင့် လူတစ်သိန်းသေလို့ သုဂတိ တစ်ယောက် မရောက်ပါဘူးလို့ ဘုရားပြောတဲ့စကား ဒကာသစ် ကြီးသေးလား . . . (မကြီးပါဘူးဘုရား) မကြီးပါဘူး၊ မသိတဲ့ပုဂ္ဂိုလ်နဲ့ သိတဲ့ပုဂ္ဂိုလ် ဘယ်ဟာက များသတုံး . . . (မသိတဲ့ပုဂ္ဂိုလ်က များပါတယ်ဘုရား)။

ဒါဖြင့် သွားလေတော့ဆိုတော့ သူ့ကို သပိတ်သွတ်ဖို့ မလိုတော့ဘူး၊ လိုသေးသလား . . . (မလိုပါဘူးဘုရား) သပိတ်သွတ်တာက ဟန်ပြရှိတာ . . . (မှန်ပါဘုရား) ပဋိစ္စသမုပ္ပါဒ်ကတော့တကယ်ဆွဲဆောင်သွားတာ . . . (မှန်ပါဘုရား) ရိပ်မိကြပြီလား . . . (ရိပ်မိပါပြီဘုရား)။

## ခြင်ကိုက်ဖူးကြရဲ့လား

ခြင်များကော ကိုက်ဖူးကြရဲ့လား . . . (ကိုက်ဖူးပါတယ်

ဘုရား) ဒီသုံးချက်နဲ့ကော ညီကြရဲ့လား . . . (ညီပါတယ်ဘုရား) ဟာ . . . သွားပြီ မရတော့ဘူး၊ သပိတ်သွတ်လွတ်ပဲ၊ အတော်ဆိုးနေပြီ ဆိုတာ ပေါ်ကြပြီ . . (ပေါ်ပါပြီဘုရား)။

ကဲ "အသုတဝါ ပုထုဇ္ဇနော" ဆိုတာ အကြားအမြင်မရှိတဲ့ ပုထုဇဉ်တို့၏ ဖြစ်စဉ်ကဖြင့် ဦးသံဒိုင် အဆိုးချည့်ပဲ . . . (မှန်ပါ) အနုသယ ဘယ်နှစ်မျိုးလိုက်သတုံး . . . (သုံးမျိုးလိုက်ပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုး ပေါ်လာသတုံး . . . (သုံးမျိုးပေါ်လာပါတယ်ဘုရား) ဒါ ရှောင်လို့ ရှားလို့ရတဲ့ တရားမျိုးလားလို့ မေးလို့ရှိရင် အကြားအမြင်သာမရှိလို့ရှိရင်မည်သူတစ်ဦးတစ်ယောက်မှ မရှောင်နိုင်ဘူးဆိုတာ မှတ်ပါ . . . (မှန်ပါဘုရား)။

အကြားအမြင်မရှိရင် . . . (မည်သူတစ်ဦးတစ်ယောက်မှ မရှောင်နိုင်ပါဘူးဘုရား) မရှောင်နိုင်ဘူးတဲ့၊ ဘယ်လို ဖြတ်ရမယ် ဘယ်လိုတောက်ရမယ်ဆိုတာကိုမှ မသိသေးလို့ရှိရင်ဖြင့်တဲ့ ခြင်ကိုက်မှုသည် သေးသော အပြစ်လား၊ ကြီးသောအပြစ်လား ဆိုတာ အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်ဖြင့် ဘယ်လို ဖြေကြမယ် . . . (ကြီးသောအပြစ်ပါဘုရား)။

**ပညာစခန်းက အရေးကြီးတယ်**

ကြီးသောအပြစ်ပဲ . . . (မှန်ပါဘုရား)၊ ခြင်ကိုက်လို့

ဖျောက်လိုက်တာပဲ၊ သီလစခန်းက အရေးမကြီးပါဘူး . . . (မှန်ပါ) ပညာစခန်းကမှ အရေးကြီးတာ . . . (မှန်ပါဘုရား)။

သီလက၊ ခြင်ကိုက်လို့ မောင်းထုတ်တာ ဘာမှ အပြစ် မရှိပါဘူး၊ ပါဏာတိပါတာ သူ့အသက်လည်း မသတ်ပါဘူး၊ ခြင်သာ မောင်းထုတ်လိုက်တာကိုး . . . (မှန်ပါ) သီလနဲ့တော့ ဘာမှ ကိစ္စမရှိပါဘူး။

## သီလမှာ ခြင်မောင်းလို့မပြစ်မရှိ

သီလစခန်းမှာ အပြစ်မရှိပါဘူး သူ့အသက်သတ်တာမှ မဟုတ်ဘဲ ခြင်မောင်းပြီးသကာလ အနုသယသုံးမျိုးပေါ်တာပဲ ရှိတာပဲ သီလပျက်ရဲ့လား . . . (မပျက်ပါဘူးဘုရား)။

ဝိပဿနာနဲ့ သမထကတော့ မရတော့ဘူး၊ ရသေးရဲ့လား . . . (မရပါဘူးဘုရား) မရတော့ဘူးတဲ့ သမာဓိမရှိလို့ ဟုတ်တိုင်းမှန်စွာ သိသေးရဲ့လား . . . (မသိပါဘူးဘုရား)။

ဒါကြောင့် သမာဟိတော ယထာဘူတံ ပဇာနာတိ၊ သမာဓိရှိမှ ဟုတ်တိုင်းမှန်စွာ သိတယ်ဆိုတော့၊ ဟုတ်တိုင်းမှန်စွာ မသိကတည်းက ဒါတွေ မလာကောင်းဘူးဆိုတာ မသိကတည်း ကိုက သမာဓိလည်း မရှိလို့၊ ပညာလည်းမပါလို့ ဆိုတဲ့ အဓိပ္ပာယ် ရှင်းသွားပြီ . . . (ရှင်းသွားပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့လည်းအသက်အရွယ်တွေ ကြီးကုန်ကြပြီ ဒကာသစ်တို့လည်း ကြီးပြီ၊ ဦးသံဒိုင်တို့လည်း ကြီးပြီ၊ နောက်က ဒကာဒကာမတွေလည်းကြီးကုန်ပြီ . . . (မှန်ပါဘုရား) ခြင်မှ မဖျောက်တတ်သေးပဲကိုး . . . (မှန်ပါဘုရား)။

## ခြင်မဖျောက်တတ်သေးဘူး

ခြင်ကို မဖျောက်တတ်သေးဘူး၊ နောက်က ဒကာဒကာမတွေ ခြင်ဖျောက်တတ်ပြီလား . . . (မဖျောက်တတ်ပါဘူးဘုရား) ဖျောက်တတ်တဲ့နည်းကတော့ အပါယ်သွားတဲ့ နည်းပဲရှိတယ်၊ ခင်ဗျားတို့မှာ တခြားသောနည်းပါသေးသလား . . . (မပါပါဘူးဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ အကြားအမြင်မရှိပဲကိုးဘုရား၊ သဘောပါပြီလား . . . (ပါပါပြီဘုရား)။

ဒါကြောင့် ခေါင်းဖြူ စွယ်ကျိုးတွေပေမယ့်လည်း အကြားအမြင်မရှိရင် ဒီပုံနဲ့ ဒီစခန်းနဲ့ ဒီလမ်းပဲ ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်း သွားမှာပဲ . . . (မှန်ပါဘုရား) တ ခြားသွားစရာ ရှိသေးသလား . . . (မရှိတော့ပါဘူးဘုရား) ဒါဖြင့် ပေါ်ကြပြီတဲ့ . . . ဝေဒနာ နားမလည်တဲ့ပုဂ္ဂိုလ်များ အခက်ကြီးပါလား . . . (မှန်ပါဘုရား)။

ဝေဒနာ နားမလည်တဲ့ ပုဂ္ဂိုလ် . . . (အခက်ကြီးပါဘုရား) အခက်ကြီးပဲဆိုတာ ပေါ်လာပြီ၊ ဝေဒနာကို မသိမ်း

ဆည်းတတ်လို့ရှိရင်ဖြင့် အနုသယ သုံးပါးသာ ပေါ်လာတော့တယ်၊ ဝိပဿနာဉာဏ် နည်းနည်းမှမပေါ်လာဘူး . . . (မှန်ပါဘုရား) ပေါ်လာသေးရဲ့လား . . . (မပေါ်လာပါဘူးဘုရား)။

ကောင်းပြီ ဒါဖြင့် နောက်ကို ခြင်ဖျောက်နည်းသင်ရဦးမယ် ခင်ဗျားတို့ကို . . . (မှန်ပါဘုရား) ခြင်ဖျောက်နည်းသင်ရဦးမယ် ဒီနေ့ည ဘာတရား ဟောမှာတုံးဆိုတာ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

ဘာသင်မှာပါလိမ့် . . . (ခြင်ဖျောက်နည်းပါဘုရား) အမလေး ! ဒီအရွယ်ကြီးတွေ ခြင်ဖျောက်နည်းသင်ရတာ မလွယ်လှဘူးနော် . . . ခြင်ဖျောက်နည်းဆိုတာကလည်း အကြားအမြင်မရှိလို့ရှိရင် အပါယ်သွားတဲ့ နည်းသာ သူတတ်တယ် . . . (မှန်ပါဘုရား)။

## နိဗ္ဗာန်သွားနည်းနားမလည်ဘူး

ဝေဒနာနဲ့ နိဗ္ဗာန်သွားမယ်ဆိုတဲ့ နည်းကို သူနားမလည်ဘူး၊ အဲတော့ ခြင်ဖျောက်နည်းဆိုတဲ့ နိဗ္ဗာန်သွားနည်းကိုလည်း အကြားအမြင်ပေးရတော့မယ် . . . (မှန်ပါဘုရား) အကြားအမြင်ရှိအောင် ပေးရမယ်။ အကြားအမြင်ရှိအောင် မပေးလို့ရှိရင်ဖြင့် ခင်ဗျားတို့ တစ်လမ်းသွားပဲ . . . (မှန်ပါ)။

ကိုယ်က ဝိပဿနာ အားထုတ်နေတာ ခြင်က သိပ်ရှုပ်တာ . . . (မှန်ပါဘုရား) ကိုယ်က ဝိပဿနာ အားထုတ်နေတာ၊ ဆရာသမားက ဝိပဿနာအားထုတ်ရမယ်ဆိုလို့ ကိုယ်က ကြိုးစားနေတာ ဒီခြင်က သိပ်ရှုပ်တာ၊ သိပ်ရှုပ်တာ မဟုတ်ဘူး၊ အပါယ်သွားပြီ၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

## သိပ်ရှုပ်တာလား၊ အပါယ်သွားတာလား

သိပ်ရှုပ်တာလား၊ အပါယ်သွားတာလား . . . (အပါယ်သွားတာပါဘုရား) ခင်ဗျားတို့ကလည်း ကုသိုလ်လုပ်နေရင် ဒီလိုပဲ အနှောင့်အယှက်က ပါတတ်တယ်၊ ကုသိုလ်လုပ်နေရင် ညည်းလုံးက ဘယ်လို ညည်းတုံး . . . (အနှောင့်အယှက်က ပါပါတယ်ဘုရား)။

ခက်ပြီကော . . . အကြားအမြင်မရှိတော့ ဒါအနှောင့်အယှက်ဖြစ်နေတာ . . . (မှန်ပါဘုရား) အကြားအမြင်မရှိတော့ . . . (အနှောင့်အယှက်ဖြစ်ပါတယ်ဘုရား)။

ဒါကြောင့် တရားလေး အားထုတ်မယ်ကြံရင်ဖြင့် အလုပ်တွေက ရှုပ်လိုက်တာ ဒီနေရာ နေလို့ကို မဖြစ်ဘူးဆိုပြီး ဒေါမနဿနဲ့ ထပြေးတာ . . . (မှန်ပါဘုရား) သူ ပဋိစ္စသမုပ္ပါဒ်တစ်ခါတည်း ဆွဲဆောင်ရာပါသွားတယ်။ မပါဘူးလား . . . (ပါပါတယ်ဘုရား)။

## ခြင်ကိုသည်းမခံနိုင်ဘူး

အဲတော့ ဘယ့်နှယ်ကြောင့် ထပြေးရတာတုံးလို့ ဆရာဘုန်းကြီးက မေးလို့ရှိရင် အရှင်ဘုရား ခြင်သည်းမခံနိုင်ဘူး ဘုရား၊ ဒေါမနဿ ပေါ်လာပြီ . . . (မှန်ပါဘုရား) ခြင်သည်း မခံနိုင်ဘူးဆိုတော့ . . . (ဒေါမနဿပါဘုရား) ဒေါမနဿ ပေါ်လာတယ်တဲ့။

ဒေါမနဿတင် ပေါ်သလားလို့ မေးတော့ ဟိုနေရာ သွားပါက ခြင်ကိုက်သက်သာတယ်ဆိုတော့ ဟိုနေရာ သာယာ တဲ့ တဏှာကလာတယ် (မှန်ပါဘုရား) မလာဘူးလား . . . (လာပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒေါမနဿ နောက်ကလည်း တဏှာက လိုက်လိုက်သေးတယ် . . . (မှန်ပါ) ဒီ ဒေါမနဿ၏ ဖြစ်ပျက် ကိုလည်း မသိ သောမနဿ - တဏှာ၏ ဖြစ်ပျက်ကိုကော . . . (မသိပါဘူးဘုရား)။

မသိတော့ ဟိုနေရာကျတော့လည်း အဝိဇ္ဇာက လာလျက်ပဲ . . . (မှန်ပါ) ကိုင်း ဒါဖြင့် ခင်ဗျားတို့ ဘယ်နေရာ သွားအားထုတ်ကြမတုံး . . . ဘယ်နေရာသွား အားထုတ်မှာ တုံး၊ နေရာလေး ရွေးကြပါဦး . . . မောင်သစ် နေရာရွေးရဦး မှာ . . . (မှန်ပါ)။

နေရာ ရွှေးနေဖို့ မလိုဘူး၊ ဒီနေရာတင် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပြောသလိုပဲ ဒီနေရာမှာတင်ဖြစ်တဲ့ အန္တရာယ်ကို ဒီနေရာ ဖျောက်ရမယ် . . . (မှန်ပါ့)။

## မာဂဏ္ဍီ

ညီတော် အာနန္ဒာကြည့်ပါလား မာဂဏ္ဍီတို့က လိုက်ဆဲပြီး နေတဲ့အခါကျတော့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ပိုက်ဆံပေးပြီး အဆဲခိုင်းကြ၊ အမူးသမား အရူးသမားတွေကို ဆဲခိုင်းတော့၊ ညီတော် အာနန္ဒာက မကြွပါနဲ့ဘုရား! ဒီလောက် အဆဲပေါ်တဲ့အရပ်ကို ! မင်းတယ်ဖျင်းတာပဲကွ၊ ဒီနေရာ ဖြစ်တဲ့ ဥစ္စာ ဒီနေရာပြီးအောင် လုပ်ရတယ်လို့ ဘုရားကပြောတယ် (မှန်ပါ)။

ခင်ဗျားတို့ကော . . . (ဒီနေရာဖြစ်တဲ့ ဥစ္စာ ဒီနေရာ ပြီးအောင် လုပ်ရမှာပါဘုရား) မဟုတ်ဘူးခင်ဗျားတို့က ထ, ထ ပြေးတယ်၊ ဒီနေရာဖြစ်တာ ဒီနေရာ မပြီးပါဘူး . . . (မှန်ပါ) ဘယ်သွားတုံး . . . (ထသွားပါတယ်ဘုရား)။

## ထသွားရင် သုံးမျိုးလိုက်တယ်

သွားပြီးကောဗျ၊ ထသွားရင် ပဋိစ္စသမုပ္ပါဒ်က သုံးမျိုး လိုက်တယ်၊ အနုသယကော . . . (လိုက်ပါတယ်ဘုရား) အနုသယသုံးမျိုးလိုက်ပြီ နားလည်ကြရဲ့လား . . . (မှန်ပါ့)။

အခု စကားတတ်လို့ ပြောနေတာလား၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတဲ့အတိုင်း ခင်ဗျားတို့ ပေါ်လွင်အောင် ပြောနေတာလား . . . (ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတဲ့အတိုင်း ပေါ်လွင်အောင် ပြောနေတာပါဘုရား) ပေါ်လွင်အောင် ပြောတာ၊ စကားတတ်လို့ ပြောတာ မဟုတ်ဘူး၊ ဒီလိုကို ပါဠိတော်ကရှိနေလို့ ဒီအတိုင်းသုံးရတာ . . . (မှန်ပါ)။

ဒီပါဠိတော်ကလည်း တစ်ခါစဉ်းစားပါဦးတဲ့ ဖြစ်စဉ်နဲ့မှ ကိုက်ကြရဲ့လား . . . (ကိုက်ပါတယ်ဘုရား) ဖြစ်စဉ်ကိုက်ရင်လည်း ခင်ဗျားတို့ ကျေနပ်ကြပါပြီ။ ဖြစ်စဉ် အသေအချာ ကိုက်ပါတယ်တဲ့။

အဲတော့ . . . ခုန မာဂဏ္ဍီက ပိုက်ဆံပေးပြီး အဆဲခိုင်းတော့ ဒီနေရာ ဖြစ်တာ ဒီနေရာတင် ပြီးစေရတယ်ကွ၊ မင်းဟိုနေရာ ဒီလိုဆဲတော့ ဘယ့်နှယ်လုပ်မှာတုံး ဘုရားက မမေးဘူးလား . . . (မေးပါတယ်ဘုရား)။

အဲတော့ကိုးတဲ့ ဒီနေရာမှာ ဖြစ်တဲ့ဥစ္စာကို ဒီနေရာမှာပဲ ကိစ္စသိမ်းရမယ်ဆိုပြီး ဓမ္မပဒပါဠိတော်များမှာ အသေအချာ ဟောထားတယ် . . . (မှန်လှပါဘုရား)။

## အလုပ်သင်တရားတော်

အဲတော့ ခင်ဗျားတို့ ဒီနေရာဖြစ်တာ ဒီနေရာမှာပဲ ကိစ္စသိမ်းရမယ် . . . (မှန်ပါ) ဒါကြောင့် အလုပ်သင်တရားလို့ ပြောနေတာ . . . (မှန်ပါ) ညဟောတာ ဘာတရားပါလိမ့် . . . (အလုပ်သင်တရားပါဘုရား)။

အလုပ်သင်တရား၊ ဒီနေရာဖြစ်တာ ဒီနေရာပြီးအောင် လုပ်ရမယ် . . . (မှန်လှပါဘုရား) ဒီနေရာမှာဖြစ်ရင် . . . (ဒီနေရာပြီးအောင်လုပ်ရမှာပါဘုရား) ဒီနေရာ ဒုက္ခပေါ်တယ် ဒီနေရာတင် စခန်းသတ်အောင် လုပ်ရမယ် . . . (မှန်ပါ) ဒီနေရာ သုခပေါ်ရင် . . . (ဒီနေရာ စခန်းသတ်အောင် လုပ်ရမှာပါ ဘုရား)။

## ဒီနေရာတင် စခန်းသတ်ရမယ်

ဒီနေရာ ဥပေက္ခာပေါ်ရင်ကော . . . (ဒီနေရာ စခန်း သတ်အောင် လုပ်ရမှာပါဘုရား) ဒီနေရာတင် စခန်းသတ် ရမယ်ဆိုတဲ့ အဓိပ္ပာယ်ကိုဖြင့် ဒီနေ့ည ရှင်းပါပြီ . . . (မှန်ပါ) ကဲ . . . ဒါဖြင့် ဒီလိုလုပ်ပါ။

အကြားအမြင်မရှိတဲ့အတွက် အနုသယ ဘယ်နှစ်မျိုး ကိန်းသလဲ . . . (သုံးမျိုးကိန်းပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုး ပေါ်သလဲ . . . (သုံးမျိုးပေါ်ပါတယ် ဘုရား) သုံးမျိုး

ပေါ်တယ်၊ ဘာဖြစ်လို့ပေါ်ကြတုံး . . . (အကြားအမြင်မရှိလို့ပါဘုရား)။

ဩော် . . . ဒါဖြင့် ခင်ဗျားတို့ အကြားအမြင်မရှိလို့ ရှိရင်ဖြင့် "အသုတံ သုဏာတိ" ဆိုတာ ဘုရားကလည်း အင်္ဂုတ္တိုရ် ပါဠိတော်ကြီးမှာ "အသုတံ သုဏာတိ" ကိုယ်နားမလည်တာကို တရားနာမှပေါ့၊ တရားမနာလို့ရှိရင်တော့ မဖြစ်ဘူး သုတံ ပရိယော ဒါပေတိ၊ ကြားပြီးသားလည်း စင်စင်ကြယ်ကြယ်နဲ့ သံသယရှင်းရှင်းနဲ့ အားထုတ်နိုင်တယ်ကွ ဆိုတော့၊ တရားမနာ တဲ့ သတ္တဝါဟာ၊ ဒီဒုက္ခဝေဒနာလေး တစ်ခုပေါ်လာရင်ပဲ ဦးသံဒိုင် တို့ မိုးကြိုးပစ်တာထက် နာသေးတယ် . . . (မှန်ပါဘုရား)။

## ပဋိစ္စသမုပ္ပါဒ်အတွက်ကြောင့်

မနာဘူးလား . . . (နာပါတယ်ဘုရား) မိုးကြိုးပစ်တာက တစ်ခါသေကိုးဗျ . . . (မှန်ပါ) ဒီအကြားအမြင်မရှိလိုက်တာက၊ ခုနက ဒေါမနဿ ပဋိစ္စသမုပ္ပါဒ် အတွက်က အပါယ်တစ်ခါ သွားလိုက်၊ သောမနဿ ပဋိစ္စသမုပ္ပါဒ်အတွက်ကကော . . . (အပါယ်တစ်ခါ သွားလိုက်ပါဘုရား) အပါယ်သွားလိုက်နော် . . . (မှန်ပါ)။

အင်း မောဟ ပဋိစ္စသမုပ္ပါဒ် အတွက်ကကော . . . (အပါယ်သွားလိုက်ပါဘုရား) အပါယ်သွားလိုက် ဆိုတာ

ဘယ့်နှယ်ကြောင့် ဒီသွားလမ်းမှန်နေပါလိမ့်မတုံးဆိုတာ ရှင်းပြီလား . . ဘယ်လိုကြောင့်ပါလိမ့် (အကြားအမြင်မရှိလို့ပါဘုရား) ဘယ်လောက်ဆိုးတုံး . . . (မှန်ပါ)။

## အကြားအမြင်မရှိတဲ့အပြစ်

ဒါ ဘုန်းကြီး ခဲ့ပြောတာလားတဲ့၊ အကြားအမြင်မရှိခြင်းကြောင့် အပြစ်သင့်တာတွေ များလွန်းလို့ ပြောရတာလားဆိုတာလည်း ခင်ဗျာတို့ အကဲခတ်ကြည့်၊ အကြားအမြင်မရှိလို့ ဖြစ်ချင်သလို ဖြစ်နေတာ. . . (မှန်ပါဘုရား) ရှင်းကြရဲ့လား. . . (ရှင်းပါပြီဘုရား)။

ဘာပြုလို့ ဒီလောက်တောင် ဖြစ်ချင်သလို ဖြစ်နေပါလိမ့် . . . (အကြားအမြင်မရှိလို့ ပါဘုရား) အကြား အမြင်မရှိလို့ဖြစ်တာ. ဒါဖြင့် "အသုတဝါ ပုထုဇ္ဇနော"ဆိုတာ အဖိုးတန်ပြီဗျ ဦးသံဒိုင်. . . (မှန်ပါ)။

"သုတဝါ အရိယသာဝကော" ဆိုတာကော အဖိုးတန်ပြီဗျ "အသုတဝါ ပုထုဇ္ဇနော"ဆိုတာလည်း ဟောသင့်တယ်၊ (မှန်ပါ)။"သုတဝါ အရိယသာဝကော" ဆိုတာကော. . . (ဟောသင့်ပါတယ်ဘုရား)။

ဟောသင့်တယ်တဲ့၊ အကြားအမြင်ရှိတဲ့ အရိယာတို့၏ သာဝက ဖြစ်တာမှန်ရင်၊ ဒီလိုမှ မင်းတို့သည်ကားလို့ ဆိုရင်

ခြင်ကိုက်ခြင်းကြောင့် အပါယ်မရောက်မှာ. . . (မှန်ပါ) ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## ဒေါသနဲ့သေရင် ငရဲသွားမယ်

ဒေါသနဲ့သေလို့ရှိရင်လည်း ခင်ဗျားတို့ ငရဲသွားမယ် . . . (မှန်ပါ) လောဘနဲ့ သေရင် ပြိတ္တာ၊ မောဟနဲ့ သေရင် တိရစ္ဆာန် အဋ္ဌသာလိနီက များသောအားဖြင့် ဒါဖြင့် ခြင်တစ်ခါကိုက်လို့ ရှိရင် တိရစ္ဆာန်လည်း ဖြစ်ဖို့ ပါသွားပြီ . . . (မှန်လှပါဘုရား)။

အင်း . . . ပြိတ္တာ ဖြစ်ဖို့ကော . . . (ပါပါတယ်ဘုရား) လောဘနဲ့ သေသွားတာကိုး၊ ကဲ ခြင်တစ်ခါကိုက်လိုက်တာ ငရဲကျဖို့ကော . . . (သေချာပါတယ်ဘုရား) ဟ! အကြားအမြင် မရှိတဲ့သူ ခြင်ကိုက်မှာကို အတော်ကြောက်နေရပြီ . . . (မှန်ပါဘုရား)။

အကြားအမြင်မရှိတဲ့လူမှာ . . . (ခြင်းကိုက်မှာ ကြောက်နေရပါတယ်ဘုရား) ခြင်ကိုက်မှာ ကြောက်နေရတယ် ဆိုတာ ပေါ်ကြပြီလား . . . (ပေါ်ပါပြီဘုရား)။

## အကြားအမြင်ရှိဖို့လိုတယ်

အဲဒါ ဘုန်းကြီးတို့ ဒကာဒကာမတွေ အကြားအမြင်ဟာ ဒီနေ့ည ပြောမှပဲ တော်တော်အရေးကြီးသကိုး . . . ပေါ်လာ

ကြပြီ လား. . . (ပေါ်လာပါပြီဘုရား) အကြားအမြင်ရှိဖို့ . . . (အရေးကြီးပါတယ်ဘုရား) အရေးကြီးတယ်ဆိုတာဟာ အသေအချာ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ ဝိပဿနာ ရှုမှုဟာ အသာထားစမ်းပါဦး ဦးသံဒိုင်ရ၊ အကြားအမြင်ရှိဖို့ကို သိပ်အရေးကြီးတယ် . . . (မှန်ပါဘုရား) သူရှိပြီးမှ လုပ်လို့ ဖြစ်မှာကိုး . . . (မှန်ပါဘုရား) သူမရှိလို့ရှိရင် . . . (လုပ်လို့မဖြစ်ပါဘူးဘုရား)။

ဘယ်ဟာ လုပ်ရမှန်းကိုလည်း ဘယ်ဟာရှောင်လို့ ဘယ်ဟာရှားရမယ်ဆိုတဲ့ အဓိပ္ပာယ်လည်း ခင်ဗျားတို့ အတော်ဝန်လေးသွားပါလိမ့်မယ် . . . (မှန်ပါဘုရား)။

## လှံနဲ့ တစ်ချက်ထိုးရင်၊ ပြန်ထိုးရမယ်

ကဲ ဒါဖြင့် နာရီဝက်တောင် ရှိသွားပြီ ဒကာဒကာမတို့ အကြားအမြင်ရှိ မရှိ ဝေဖန်နေရတာနဲ့၊ ကိုင်း ဒါဖြင့် အကြားအမြင်ရှိတဲ့ ပုဂ္ဂိုလ်ကျတော့ကိုတဲ့ ဒီလိုလုပ်လေ့ရှိပါတယ်တဲ့၊ အကြားအမြင်ရှိတဲ့ပုဂ္ဂိုလ်ဖြစ်စေ၊ အရိယာဖြစ်စေ သူက လှံနဲ့ တစ်ချက်ထိုးလိုက်တယ်တဲ့၊ ကိုယ်က ပြန်ထိုးရမယ်တဲ့ . . . (မှန်ပါ့)။

ခုနကတုန်းကတော့ သူကတစ်ချက်ထိုးလိုက်တယ်၊ ကိုယ်ကအတွင်းမှာ ပြန်စူးနေတယ် . . . (မှန်ပါ) သဘောကျပြီလား . . . (ကျပါတယ်ဘုရား) ဒုက္ခဝေဒနာက ကိုယ်ပေါ်မှာ တစ်ချက်ထိုးလိုက်တယ်၊ ဝမ်းထဲက ပါနာနေတယ် . . . (မှန်ပါ) ဒါဖြင့် နှစ်နာမိတယ် (မှန်ပါ) မမိဘူးလား . . . (မိပါတယ်ဘုရား)။

## ဒုက္ခဝေဒနာ၊ ဖြစ်ပျက်ရှု

အဲဒါ အကြားအမြင်မရှိလို့ ကိုး . . . (မှန်ပါဘုရား) ခုတော့ဖြင့် အကြားအမြင်ရှိအောင် လုပ်ရမယ်၊ ဒုက္ခဝေဒနာလေး တစ်ခု ပေါ်လာတယ် သူ့ကိုပဲ ခင်ဗျားတို့က အနိစ္စဖြစ်အောင် ရှုရမယ် . . . (မှန်ပါဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

သူက တစ်ချက်ထိုးရင် ကိုယ်က တစ်ချက်ပြန်ထိုးနိုင်ရမယ်တဲ့ . . . (မှန်ပါ) သူက တစ်ချက်ထိုးရင် . . . (ကိုယ်က တစ်ချက်ပြန်ထိုးနိုင်ရမှာပါဘုရား)။

ကိုယ်က တစ်ချက်ပြန်ထိုးလို့ရှိရင်ဖြင့်တဲ့ ခုနက ပဋိစ္စသမုပ္ပါဒ် အဆုံးကနေ ပြန်လှည့်မလို့ ပြန်ပတ်မလို့ လာတာ လာနိုင်သေးရဲ့လား . . . (မလာနိုင်ပါဘူးဘုရား)။

အလယ်ကကော စနိုင်သေးရဲ့လား . . . (မစနိုင်ပါဘူးဘုရား) အစကကော . . . (မစနိုင်ပါဘူးဘုရား) ဒါ ဘယ့်နှယ်ကြောင့် ပါလိမ့်မတုံးမေးတော့ "သုတဝါ အရိယသာဝကော"

ဖြစ်သွားလို့ . . . (မှန်ပါဘုရား) ရှင်းပြီလား . . (ရှင်းပါပြီဘုရား)။

သုတဝါ . . . အကြားအမြင်ရှိသော၊ အရိယသာဝကော - အရိယာတို့၏ တပည့်သား ဖြစ်သွားလို့ . . . (မှန်လှပါဘုရား) အရိယာများဟောတဲ့ တရားကို နာကြရလို့၊ ကြားကြရလို့ ဆိုတော့ ပုထုဇဉ်ပေမယ့် "သုတဝါ အရိယသာဝကော" ဖြစ်ခဲ့လို့ ရှိရင်တဲ့ ခုနက "အသုတဝါ ပုထုဇ္ဇနော" လို ပဋိစ္စသမုပ္ပါဒ် သုံးမျိုး အနုသယ သုံးမျိုး မလိုက်ပါဘူးတဲ့ . . . (မှန်ပါဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

## ဉာဏ်နဲ့ပြန်ထိုးရမယ်

ဒါဖြင့် ဒီကရှေ့ သူက တစ်ချက်ထိုးရင် . . . (ကိုယ်က တစ်ချက်ပြန်ထိုးရမှာပါဘုရား) ကိုယ်က ဉာဏ်နဲ့ တစ်ချက် ပြန်ထိုးရမယ် . . . (မှန်ပါဘုရား) ထိုးတတ်ကြပြီလား . . . (ထိုးတတ်ပါပြီဘုရား)။

ကိုင်း . . . ယား ယားတဲ့နေရာ ဘာလုပ်ရမှာတုံး . . . (ဖြစ်ပျက်ရှုရမှာပါဘုရား) ဖြစ်ပျက်ရှုရမယ် သွားမဖျောက်ရဘူး တစ်နေ့က ဦးသံဒိုင် ကြီးသွားဖျောက်လို့ အမြည်ခံရပြီ ဘာပြုလို့ ဖျောက်ပစ်ပါလိမ့်မတုံးလို့ မေးတော့ကိုး အဓိပ္ပာယ်က ယနေ့ ပေါ်သွားပြီ "အသုတဝါ ပုထုဇ္ဇနော" ဖြစ်သွားလို့ . . . (မှန်ပါ) ရှင်းကြပြီလား . . . (မှန်ပါ)။

ဒါ ခင်ဗျားတို့လည်း ဟိုကျလို့ရှိရင် သူက တစ်ချက်ထိုးလို့ရှိရင် နှစ်ချက်မိလို့ရှိရင်ဖြင့် "အသုတဝါ ပုထုဇ္ဇနော" အသေအချာဖြစ်ပြီ . . . (မှန်ပါ) မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

## သီလနဲ့ ပညာ၊ ဘယ်သူကသာတုံး

ဒါဖြင့် ဒါက သည်းခံတဲ့ ပါရမီလားတဲ့၊ ဝိပဿနာလုပ်ရမှာလား . . . (ဝိပဿနာလုပ်ရမှာပါဘုရား) ခြင်ကိုက်ရင်သည်းခံပြီးတော့ နေမယ်လို့၊ အဲဒီ သည်းခံနေတာက ခန္တီပါရမီမျှသာဖြစ်တယ်၊ သီလထဲကလောက်ပဲ ရှိသေးတယ် သူ့ကိုဖြစ်ပျက်ရှုနိုင်တာကတော့ဖြင့် ဝိပဿနာတက်သွားပါပြီ . . . (မှန်ပါ)။

ဒါဖြင့် သီလနဲ့ ပညာ ဘယ်သူက သာသွားတုံး . . . (ပညာက သာသွားပါတယ်ဘုရား) အဲဒါဖြင့် ခင်ဗျားတို့ သည်းခံနေမလား၊ ဖြစ်ပျက်ရှုနေမလား . . . (ဖြစ်ပျက်ရှုနေမှာပါဘုရား) ဒါ အသေအချာ မှတ်ထားနော်၊ ဆရာ့ဆီ တာဝန်ခံပြီးနောက်၊ ဟိုကျတော့ ပြောင်းပြန်ကြီးတွေ အဖွားကြီးတွေ လုပ်မနေကြနဲ့၊ ရိပ်မိပြီလား . . . (မှန်ပါ)။

ကိုင်းဒါဖြင့် သူက တစ်ချက်ထိုးရင် ကိုယ်ကတစ်ချက်ပြန်ထိုးနိုင်တဲ့ မဂ်ဉာဏ်နဲ့ ဝိပဿနာမဂ်ဉာဏ်နဲ့ ပြန်ထိုးနိုင်လို့

ရှိရင် ပဋိစ္စသမုပ္ပါဒ် အစက မလာဘူး . . . (မှန်လှပါဘုရား) သဘောကျပြီလား . . . (မှန်ပါ)။

## ပျောက်ချင်တဲ့တဏှာကိုဖြစ်ပျက်ရှု

ပြီးတော့ လိုချင်တဲ့ တောင်းတ လာပြန်လို့ ရှိရင်လည်း ပျောက်ချင်တဲ့ တဏှာလာပြန်လို့ရှိရင်လည်း ဟိုက မတတ်နိုင်လို့ ဒီဖက်ကို တစ်ချက် လွန်လာပြန်လို့ရှိရင်လည်း နှစ်ချက်မိပြီး သည်၏ အခြားမဲ့၌ တတိယအချက်ကိုလည်း ခင်ဗျားတို့ ပျောက်ချင်တဲ့ တဏှာကိုလည်း၊ ဟာ . . . မင်းလာပြန်ပြီလား ဆိုပြီး သူ့ဖြစ်ပျက် ရှုပြန်လို့ရှိရင်လည်း နောက် ပဋိစ္စသမုပ္ပါဒ် အစက စမယ့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ချုပ်သွားတယ် . . . (မှန်ပါ)။

လွန်လာလည်း ရှုပေးပါ . . . (မှန်ပါ) လွန်လာလည်း . . . (ရှုပေးရမှာပါဘုရား) ရှုပေးရမယ်၊ ပျောက်ချင်တဲ့ တဏှာ လာလို့ရှိရင် တဏှာ လာမှန်းသိအောင် တစ်ခါတည်း ဖြစ်ပျက် ရှုပေး . . . (မှန်ပါဘုရား)။

ဒီဥစ္စာသည် အင်မတန် အဖိုးတန်တော့တယ်လို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါဘုရား) ပျောက်ချင်တဲ့ တဏှာ လာလို့ ရှိရင်လည်း သူ့ဖြစ်ပျက်ရှု (မှန်ပါ) သဘောပါပလား. . . (ပါပါတယ်ဘုရား)။

အဲတော့ ဘယ်ထဲ ဝင်သွားတုံးဆိုတော့ **"သရာဂ စိတ္တံ သရာဂ စိတ္တန္တိ ပဇာနာတိ"** ပထမအကြောင်း မိအောင်ရှုနိုင်လို့ ရှိရင် **"သဒေါသစိတ္တံ သဒေါသစိတ္တန္တိ ပဇာနာတိ"** စိတ္တာနုပဿနာထဲ သွင်းလိုက် . . . (မှန်ပါ) ဝေဒနာနုပဿနာထဲကော . . (သွင်းလိုက်ပါဘုရား)။ သွင်းလိုက်ပါ အကုန်တည့်တာချည့်ပဲ . . . (မှန်ပါ)။

မတည့် မရှိပါဘူးဆိုတာကော ပေါ်ကြပြီလား. . . (ပေါ်လာပါပြီဘုရား) ကိုင်း ဒါဖြင့် ကဲ ပျောက်ချင်တဲ့ တဏှာကို မရှုမိပါဘူးဆိုလို့ရှိရင်ဖြင့်တဲ့ ဒကာဒကာမတို့ အဝိဇ္ဇာက လာတော့မယ် . . . (မှန်ပါဘုရား) မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

အဝိဇ္ဇာက လာလို့ရှိရင်ဖြင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ" နဲ့ ဦးသံဒိုင် ကယ်မယ့် ယူမယ့်သူ ကုန်သွားပြီ မကုန်ဘူးလား . . . (ကုန်ပါတယ်ဘုရား)။

## အကြားအမြင်ရှိရင် ပြတ်တယ်

အဲဒီလို ခန္ဓာထဲမှာ ခုပြောသလို "သုတဝါ အရိယသာဝကော" ဆိုတော့ အကြားအမြင် ရှိပြန်တော့လည်း ပဋိစ္စသမုပ္ပါဒ်ဟာတဲ့ သုံးမျိုးစလုံး ပြတ်တယ် . . . (မှန်လှပါဘုရား) အနုသယ သုံးမျိုးစလုံး ချုပ်တယ် . . . (မှန်လှပါဘုရား) သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

အကြားအမြင်ရှိပြန်တော့လည်း . . . (ပဋိစ္စသမုပ္ပါဒ် သုံးမျိုးစလုံး ပြတ်ပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ် သုံးမျိုးစလုံး ပြတ်တယ်ဆိုတော့ ဒါ ဦးသံဒိုင်တို့က စဉ်းစားကြည့်ရမယ် အတော် ချက်ကောင်းတဲ့ နေရာပါလား၊ မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

ဘုရားကတော့ ဝိသညျတ္တောနံ ပဇာနာတိ ဘုရားက ဒီပါဠိတော်ကို အများကြီး သုံးတယ်၊ ဒီနေရာမှာလည်း သုံးတယ်၊ နောက်က တဏှာမလာစေနဲ့ကွ၊ နောက်က အဝိဇ္ဇာမလာစေနဲ့ ကွ သိပ်ဟောတာ (မှန်ပါ)။

## ခြင်ကိုက်တဲ့ဝေဒနာ၊ ဖြစ်ပျက်ရှု

နောက်က ဒေါသ မယှဉ်စေနဲ့ကွ မဟောဘူးလား . . . (ဟောပါတယ်ဘုရား) အဲဒါ ဘာပြုလို့ ဟောရသတုံးဆိုတော့ မယူတတ်ရင်သာပါ၊ ယူတတ်လို့ရှိရင်ဖြင့် မလာအောင် ခင်ဗျား တို့ ပထမဖြစ်တဲ့ ခြင်ကိုက်တဲ့ ယားတဲ့ ဝေဒနာကိုပဲ ခင်ဗျားတို့ ဖြစ်ပျက်ရှုနိုင်ရမယ် . . . (မှန်ပါဘုရား)။

ဖြစ်ပျက်ရှုလိုက်လို့ရှိရင် နောက်ကနေပြီး ဒေါသဆိုတဲ့ မယှဉ်ကောင်းတဲ့ တရားကော လာသေးရဲ့လား . . . (မလာ ပါဘူးဘုရား) လောဘဆိုတဲ့ မယှဉ်ကောင်းတဲ့တရားကော . . . (မလာပါဘူးဘုရား) မောဟဆိုတဲ့ မယှဉ်ကောင်းတဲ့ တရားကော . . . (မလာပါဘူးဘုရား)။

## ဖျောက်ရမှာလား ရှုရမှာလား

ဒါဖြင့် ဝိပဿနာ ရှုတဲ့ ပုဂ္ဂိုလ်များမှာ ခြင်ကိုက်ရင် ဖျောက်ရမှာလား၊ ရှုရမှာလား . . . (ရှုရမှာပါဘုရား) ခြင်ကိုက်လို့ ဖြစ်တဲ့ ယားတဲ့ဝေဒနာကိုပဲ ခင်ဗျားတို့ ဖြစ်ပျက်ရှုနိုင်ရမယ် . . . (မှန်ပါဘုရား)။

ဖြစ်ပျက်ရှုလို့ရှိရင် နောက်ကနေပြီး ဒေါသဆိုတဲ့ မယှဉ်ကောင်းတဲ့ တရားတော လာသေးရဲ့လား . . . (မလာပါဘူးဘုရား) လောဘဆိုတဲ့ မယှဉ်ကောင်းတဲ့တရားကော လာသေးရဲ့လား . . . (မလာပါဘူးဘုရား) မောဟဆိုတဲ့ မယှဉ်ကောင်းတဲ့တရားကော . . . (မလာပါဘူးဘုရား)။

ဒါဖြင့် ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်များမှာ ခြင်ကိုက်ရင် ဖျောက်ရမှာလား ရှုရမှာလား . . . (ရှုရမှာပါဘုရား) ယားတယ်၊ နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်ဆိုတာ ဘာလုပ်ရမှာတုံး . . . (ရှုရမှာပါဘုရား) ရှုရမှာပဲ။

ခင်ဗျားတို့ နောက်က အနုသယသုံးမျိုးလိုက်ဖို့ လာတာ မဟုတ်ဘူး (မှန်ပါ) သဘောပါပြီလား . . . (ပါပါပြီဘုရား) ဒါဖြင့် ခင်ဗျားတို့ ရထားတဲ့ "ဇောဟိပဿိကော" ဟာ ဒါပဲ . . . (မှန်ပါဘုရား) မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

## ကိုယ်တိုင်မြင်အောင်လိုက်

ဟေ့ - လာခဲ့ပါ၊ ပဿ-ရှုပါ၊ ဒေါသကလည်းခေါ်တာပဲ . . . (မှန်ပါ) လောဘကကော . . . (ခေါ်ပါတယ်ဘုရား) မောဟကကော . . . (ခေါ်ပါတယ်ဘုရား) ခေါ်တာပဲတဲ့ အဲဒါကို သန္နိဋ္ဌာနကောနဲ့ ကိုယ်တိုင်မြင်အောင် လိုက်လို့ရှိရင်ဖြင့် "သုတဝါ အရိယသာဝကော" ဖြစ်မယ် . . . (မှန်ပါဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

အရိယာများ အစစ်ဖြစ်လာတဲ့အခါကျတော့ မောင်သစ် ဒီအတိုင်းမှတ်၊ ဒီသုံးမျိုးကိုမလာဘူး . . . (မှန်ပါ) ရှုတာပဲ လာတယ် . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါတယ်ဘုရား)။

"သုတဝါ အရိယသာဝကော" ကတော့ အရိယာ ဖြစ်ချင်လို့ အရိယာမျိုးစေ့ကို "သုတဝါ အရိယသာဝကော" က ဘာပါလိမ့် . . . (အရိယာမျိုးစေ့ပါဘုရား)။

အရိယာမျိုးစေ့ဆိုတော့၊ အရိယာ အမေက မွေးလို့ အရိယာဖြစ်တာ မဟုတ်ပါဘူး . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား) အရိယာ အမေက မွေးလို့ . . . (အရိယာ မဖြစ်ပါဘူးဘုရား)။

"သုတဝါ အရိယသာဝကော" ကမှတဲ့ အရိယာဘက်ကို တက်ရပါတယ် . . . (မှန်ပါ) ပေါ်ကြပြီလား . . . (ပေါ်ပါပြီ ဘုရား) ဘယ်က ဘယ်တက်ကြမတုံး . . . (သုတဝါ အရိယ သာဝကောကမှ တက်ရမှာပါဘုရား)။

## ဝေဒနာလာတိုင်းဖြစ်ပျက်ရှု

ကိုင်း . . . ခင်ဗျားတို့ကတော့ အခု "အသုတဝါ ပုထုဇ္ဇနော" အဖြစ်နဲ့ တရားနာနေတာ . . . (မှန်ပါ) ယနေ့ ဆရာဘုန်းကြီးက သင်ပေးလိုက်တဲ့အတွက် ဒုက္ခဝေဒနာလာလည်း ဖြစ်ပျက်ရှုကွ၊ ဒေါမနဿဝေဒနာလာလည်း . . . (ဖြစ်ပျက်ရှုရမှာပါဘုရား) သောမနဿလာရင်လည်း . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ဥပေက္ခာလာလည်း . . . (ရှုရမှာပါဘုရား) ဆိုတော့ ဩော် . . . ဒါတွေဟာ ရှုစရာတွေပါလားလို့ဆိုတာ မောင်သစ်တို့ ဦးသံဒိုင်တို့ ပေါ်ပြီ . . . (ပေါ်ပါပြီဘုရား) ဒါဖြင့် ဒါ "သုတဝါ အရိယသာဝကော" အဖြစ်နဲ့ ယနေ့ တက်ပေးလိုက်တာ . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

တကယ်ရှုလို့ ဒေါသလည်းချုပ်မယ်၊ လောဘလည်း ချုပ်မယ်၊ မောဟလည်း ချုပ်မယ်ဆို အရိယာဖြစ်မှ ဖြစ်ပါ့မလားလို့ မောင်သစ် ဆိုဖို့ရာ မလိုတော့ဘူး . . . (မလိုတော့ပါဘူးဘုရား) လိုသေးရဲ့လား . . . (မလိုပါဘူး) ။

ဒါကြောင့် ဒီပါဠိတော်ကို ထုတ်လာတာ ဘုရားက တကယ်လို့ ဒေါသလည်း ချုပ်မယ်၊ လောဘလည်း ချုပ်မယ်၊ မောဟလည်း ချုပ်မယ်ဆိုလို့ရှိရင်ဖြင့်တဲ့ ခင်ဗျားတို့ အရိယာဆုတောင်းရသလားတဲ့ "သုတဝါ အရိယသာဝကော" ၏ အလုပ်ကို

လုပ်လိုက်တာနဲ့ အရိယာအစစ် ဖြစ်သွားတော့တယ်ဆိုတာ ကော ငြင်းဖို့လိုသေးသလား . . . (မလိုပါဘူးဘုရား)။

## အရိယာပုဂ္ဂိုလ်ဖြစ်ရမယ်

ဒါဖြင့် "အသုတဝါ ပုထုဇ္ဇနော" ကနေပြီး ဘယ်တက်ရမယ် . . . (သုတဝါ အရိယသာဝကောအဖြစ် တက်ရမှာပါဘုရား) သုတဝါ အရိယသာဝကောကမှ "အရိယော" ဆိုတဲ့ အရိယာ ပုဂ္ဂိုလ်ဖြစ်ရမယ် . . . (မှန်ပါ) နို့မဟုတ်ရင် မဖြစ်ပါဘူး . . . (မှန်ပါ) ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့်ဒါအလုပ်စဉ်ပဲဆိုတာကော ယနေ့ည သဘောကျကြပြီလား . . . (ကျပါတယ်ဘုရား) ဘာဟောနေတာတုံး . . . (အလုပ်စဉ် ဟောနေတာပါဘုရား)။

## အလုပ်စဉ်ဟောနေတာ

အလုပ်စဉ်ဟောနေတာပါတဲ့၊ ခင်ဗျားတို့ ဒါ ဘယ်သူ၏ အလုပ်စဉ်တုံးဘုရားလို့ မေးလို့ရှိရင်၊ ဝေဒနာ နုပဿနာ၏ အလုပ်စဉ်လည်း ဟုတ်တာပဲ၊ စိတ္တာနုပဿနာ၏ အလုပ်စဉ်ကော. . . (ဟုတ်ပါတယ်ဘုရား) ကာယာနုပဿနာ၏ အလုပ်စဉ်ကော . . . (ဟုတ်ပါတယ်ဘုရား)။

ရတာပဲတဲ့၊ ကာယပသာဒရှိလို့ကိုးဗျ . . . (မှန်ပါ) ယားတယ်ဆိုတော့ ကာယပသာဒ ထက်နေလို့ ယားတာပဲ၊ ကာယ ပသာဒမထက်လို့ရှိရင် ဘယ်ယားမလဲလူတွေ ခြင်ကိုက်တော့ ဘာယားတယ်လို့ ပြောသေးသလား . . . (မပြောပါဘူး ဘုရား)။

အဲဒါတွေ ထောက်ကြည့်တော့ အင်း ကာယာနုပဿနာကိုယ် ရှုလည်းရတာပဲ၊ ဝေဒနာရှုလည်း . . . (ရပါတယ်ဘုရား) စိတ်ရှုလည်း (ရပါတယ်ဘုရား)။

အင်း ဒါတွေဟာ ဖြစ်ပျက်ချည့်ပဲ၊ အကုန်ရှုလိုက်မယ်ဆိုရင် ဓမ္မာနုပဿနာ အဖြစ်နဲ့လည်း ရတာပဲ . . . (မှန်ပါဘုရား) သတိပဋ္ဌာန်လေးပါး အကုန်ဖါသွားပြီ . . . (မှန်ပါ) မပါဘူးလား . . . (ပါပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ "အသုတဝါ ပုထုဇ္ဇနော" က ဘယ်တက်ကြမယ် . . . (သုတဝါ အရိယသာဝကော တက်ရမှာပါဘုရား) ဒါ. . . ဒီနေ့ညပဲ ရောက်သွားတယ် သဘောကျပြီလား . . . (မှန်ပါ)။

## ဖြူစင်တဲ့ပုဂ္ဂိုလ်

"သုတဝါ အရိယသာဝကော" က "အရိယော" ဆိုတဲ့ ဖြူစင်တဲ့ ပုဂ္ဂိုလ်အဖြစ်သို့ တက်ရမယ် . . . (မှန်ပါ ဘုရား) တက်တာကတော့ "သုတဝါ အရိယသာဝကော" အလုပ်ကို

လုပ်ရင်တော့ဖြင့် "အရိယော" ဆိုတာသည်ဖြစ်ရတော့မယ် . . . (မှန်ပါ)။

မဖြစ်ပါနဲ့လို့ တောင်းပန်ထားတောင်မှ မရပါဘူး . . . (မှန်ပါဘုရား) ဖြစ်မှာ ကေန်ပဲဆိုတာ သေချာပြီလား . . . (သေချာပါပြီဘုရား)။

## နိဗ္ဗာန်နဲ့နီးနေပြီ

ဒါဖြင့် ဒကာဒကာမတို့ ဒါဟာ နိဗ္ဗာန်ကို ထည့်မပြော ပြောသော်လည်း "အရိယသာဝကော" ဆိုရင်ပဲ နိဗ္ဗာန်နဲ့ နီးနေပြီ . . . (မှန်ပါဘုရား) "အသုတဝါ ပုထုဇ္ဇနော" ဆို သိပ်ဝေးတယ် . . . (မှန်ပါ)။

"သုတဝါ အရိယသာဝကော" ဆိုရင်ဖြင့် . . . (နီးပါတယ်ဘုရား) နောက်ကျတော့ သုတဝါ အရိယသာဝကော အလုပ်ကို ခင်ဗျားတို့ မှန်မှန်ကန်ကန် ဝေဒနာတွေ လှည့်ပတ်ပြီး သကာလ ရှုနေကြမယ်ဆိုလို့ရှိရင်ဖြင့်တဲ့ "အရိယော" ဖြစ်ဖို့ရာ ခင်ဗျားတို့ ဘာမှမလိုတော့ဘူး . . . (မှန်ပါဘုရား)။

ဆုတောင်းလား၊ ဒီလို အစဉ်အတိုင်း တက်ရမှာလား . . . (အစဉ်အတိုင်း တက်ရမှာပါဘုရား) အစဉ်အတိုင်း တက်ရမယ်၊ ဘာကြောင့် အစဉ်အတိုင်း တက်ရမှာတုံးလို မေးတဲ့အခါကျတော့မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက

အရိယာ အမေက အရိယာမွေးတယ်ဆိုတာဟာ မရှိနိုင်ဘူးတဲ့ . . . (မှန်ပါ)။

## ဝိသာခါကသောတာပန်

ရှိနိုင်ပါ့မလား . . . (မရှိနိုင်ပါဘူးဘုရား) မရှိနိုင်ဘူးတဲ့ မရှိနိုင်တော့ ခင်ဗျားတို့သည် ဥပမာ ဝိသာခါ က သောတာပန် တည်တယ်၊ သောတာပန်တည်ပြီးမှ အိမ်ထောင်ကျ၊ အိမ်ထောင် ကျပြီးသကာလ မွေးတဲ့ကလေးတွေကျတော့ "အရိယာ" လေးတွေ ဖြစ်သလားတဲ့ ပြန်ကျင့်ရတာပဲလား . . . (ပြန်ကျင့် ရတာပါဘုရား)။

ဒါဖြင့် အရိယာက မွေးလို့ အရိယာမဖြစ်နိုင်ဘူး . . . (မှန်ပါ) ဖြစ်နိုင်ပါ့မလား . . . (မဖြစ်နိုင်ပါဘူးဘုရား) မဖြစ်နိုင် တော့ကိုးတဲ့ ဩော်. . . ဒီအလုပ်စဉ်အတိုင်း ဒီပုထုဇဉ် အမည် တွေကို အမျိုးမျိုးအဖုံဖုံပြောင်းပြီး၊ အရိယာအမည်ကို ပန်ဆင် နိုင်အောင် တက်မှသာလျှင် လိုရာကိစ္စပြီးပါလားဆိုတာ မပေါ် သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ခြင်ကိုက်တယ်၊ ဘာဝေဒနာပေါ်တုံး . . . (ဒုက္ခဝေဒနာပေါ်ပါတယ်ဘုရား) ယားတာလည်း မခံ သာလို့ ဒုက္ခဝေဒနာပဲဆိုပါ။ ယားတာဟာ . . . (ဒုက္ခဝေဒနာပါ ဘုရား)။

ဒုက္ခဝေဒနာပဲ၊ ဒုက္ခဝေဒနာဟာ ကာယဥ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗစ ဥပ္ပဇ္ဇတိကာယဝိညာဏံ၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ပေါ်တာ . . . (မှန်ပါဘုရား) သဘောကျပြီလား။ ဝေဒနာဟာ စိတ်တစ်ခုယုတ်ကိုး ဆယ်မှာ ယှဉ်တယ်ဆိုသောကြောင့် သူ ဒုက္ခဝေဒနာဆိုလည်း ဟုတ်တာပဲ . . . (မှန်ပါ) ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်ပေါ်တယ်ဆိုရင်ကော . . . (ဟုတ်ပါတယ် ဘုရား) ဟုတ်တာပဲ၊ အဲတော့ . . . ဒီဟာ အလိုလိုပေါ်တာလား အကြောင်းကြောင့်ပေါ်တာလား တစ်ခါတွက်လိုက် . . . (အကြောင်းကြောင့် ပေါ်တာပါဘုရား)။

## ပြုပြင်လို့ယားတဲ့ဝေဒနာပေါ်

ခင်ဗျားတို့ကလည်း ကာယပသာဒဆိုတဲ့ ကိုယ်ရှိတာကိုး . . . (မှန်ပါ) ခြင်နှုတ်သီးကလည်း မာတာကိုး . . . (မှန်ပါ) မာပြီး သွေးတွေစုပ်လိုက်တဲ့အခါကျတော့ကို ယားတဲ့ဝေဒနာ မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

ပေါ်တော့ ဒီဝေဒနာသည် သခ်တ တရားလား၊ အသခ်တ တရားလား . . . (သခ်တတရားပါဘုရား) ပြုပြင်လို့ ပေါ်လာတာ . . . (မှန်ပါဘုရား) အလိုလိုပေါ်တာ ဟုတ်ကဲ့လား . . . (မဟုတ်ပါဘူးဘုရား)။

အဲဒီ သစ္စာတရားဖြင့် ခင်ဗျားတို့သည် အနိစ္စာသစ္စာ ပဋိစ္စသမုပ္ပါဒ် ဒီသစ္စာ တရားဖြစ်ခဲ့လို့ရှိရင် ခင်ဗျားတို့ ဉာဏ် တိုးလိုက်ပါတော့၊ "သစ္စာ ပဋိစ္စသမုပ္ပါဒ် ခယမေ့ ဝယမေ့" သစ္စာ တရားဆိုရင်ဖြင့် "သင်္ခါရ သင်္ခါရ" နဲ့ သင်္ခါရသစ္စာ" နဲ့ အနိစ္စာ၊ ဒီလမ်းဆုံးရမယ် . . . (မှန်ပါ)။

## သစ္စာတရားသည် အနိစ္စ

သစ္စာတရား ဘယ်လမ်းဆုံးရမတုံး . . . (အနိစ္စ လမ်းဆုံးပါတယ်ဘုရား) ဒါဖြင့် "သင်္ခါရသင်္ခါရ အနိစ္စာ" ထဲ သူဝင်လာတာ (မှန်ပါ) သူ့ကို အနိစ္စမြင်ဖို့ ခင်ဗျားတို့ ဉာဏ် သွင်းဖို့ အရေးကြီးပါတယ် . . . (မှန်ပါဘုရား)။

ဘာကြောင့် ဆရာဘုန်းကြီးက ဉာဏ်သွင်းခိုင်းရ သတုံးလို့ မေးတဲ့အခါကျတော့ သစ္စာတရားပဲ ဟုတ်ဖူးလား . . . (မှန်ပါ) သစ္စာတရားဆိုရင် ဘယ်လမ်းဆုံးရမယ် . . . (အနိစ္စလမ်း ဆုံးပါတယ်ဘုရား)။

ဒါဖြင့် သူကတော့ဖြင့် သူ့သဘောသူစွန့်ပါ့မလား . . . (မစွန့်ပါဘူးဘုရား) မစွန့်ဘူးတဲ့ သစ္စာဟာ အနိစ္စလမ်းဆုံးတာပဲ သင်္ခါရဟာ အနိစ္စလမ်း ဆုံးမှာပဲ၊ မဆုံးပေဘူးလား . . . (ဆုံးပါ တယ်ဘုရား) သဘောပါပလား . . . (ပါပါတယ်ဘုရား)။

အဲတော့ ခင်ဗျားတို့က သင်္ခတ တရားမှန်းလည်း မသိတော့၊ အနိစ္စရယ်လို့ သူ့ကို မရှုဖြစ်ဘူး၊ ယနေ့ည အလုပ်ပေး တရားမှာ ဩော် . . သင်္ခတ တရားဖြစ်သောကြောင့် အနိစ္စ ရှုမှတော်မယ် . . . (မှန်လှပါဘုရား) ဘယ်လိုဆုံးဖြတ်ချက်ချမှ တော်မှာတုံး . . . (အနိစ္စလို့ ဆုံးဖြတ်ချက်ချရမှာပါဘုရား) ဘာတရားမို့တုံး . . . (သင်္ခတတရားမို့ပါဘုရား)။

## ကိုယ်နဲ့ခြင်နဲ့ပြုပြင်လို့ပေါ်တယ်

စဉ်းစားကြည့်ပါ ကိုယ်နဲ့ ခြင်၏ နှုတ်သီးနဲ့ နှစ်ခုပေါင်း ပြီး ပြုပြင်လိုက်လို့ ပေါ်လာတဲ့ သင်္ခတတရား . . . (မှန်ပါဘုရား) မိမိကိုယ်ကာယ ပသာဒ ရုပ်ကလည်း ပေါ်တဲ့အချိန်၊ ခြင်နှုတ်သီး ကလည်း ပသာဒပေါ်မှာ ထိခိုက်တဲ့အချိန်၊ ရုပ်အပေါ်မှာ ထိခိုက် တဲ့အချိန်၊ ဒီအချိန်မှာ ကြားထဲမှာ ခုနက ဝေဒနာ ပုဗ္ဗုဠပမာ ဆိုတဲ့ ရေပွက်ပမာပေါ်လာတာ . . . (မှန်ပါ)။

ဘယ်လိုပေါ်လာတုံး . . . (ရေပွက်ပမာ ပေါ်လာမှာပါ ဘုရား)။ ရေပွက်ပမာ ပေါ်လာတော့ ရေပွက်ကလေးက ပေါ်တယ်ဆို ပျက်တာပဲ မဟုတ်လား . . . (မှန်ပါဘုရား)။

ဒါကြောင့် ဘုရားက ဝေဒနာ ပုဗ္ဗုဠပမာဆိုတာ ဦးသံဒိုင် ငြင်းဖို့လိုသေးသလား . . . (မလိုပါဘူးဘုရား) ဒါဖြင့် ခင်ဗျား တို့ ဒီတရားကို သင်္ခတတရားလို့ သိသောကြောင့် အနိစ္စ

ရှုထိုက်တယ် . . . (မှန်ပါဘုရား) ဘယ်လိုမှတ်ကြမယ် . . . (သစ္စတ တရားမို့ အနိစ္စ ရှုထိုက်ပါတယ်ဘုရား)။

အဲဒီလို ဒါ "သုတဝါအရိယသာဝကော" ဖြစ်ရမည့် ပုဂ္ဂိုလ်မို့ တိုးချဲ့ပြီးပြောနေတာ . . . (မှန်ပါဘုရား) "သုတဝါ အရိယ သာဝကော" ဖြစ်အောင်လို့ ဒကာဒကာမတွေ တစ်ခါ တည်း ကမ်းကုန်လမ်းကုန်တိုးချဲ့ပြောနေတယ်ဆိုတာကော ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

သစ္စတတရားတဲ့၊ သူများပြုပြင်လို့ ပေါ်လာတဲ့ သစ္စတ တရား . . . (မှန်ပါ) တစ်ခါ "ပဋိစ္စသမုပ္ပန္န" တရားဆိုရင်လည်း ဟုတ်တာပဲ . . . (မှန်ပါ)။

## ပဋိစ္စသမုပ္ပန္နတရား

အင်း "ပဋိစ္စသမုပ္ပန္န" တရားဆိုရင်လည်း "ဖဿပစ္စယာ ဝေဒနာ" ကိုးဗျ . . . (မှန်ပါ) ခြင်နှုတ်သီးနဲ့ မထိလို့ရှိရင် ယားတဲ့ ဝေဒနာပေါ်ပါ့မလား . . . (မပေါ်ပါဘူးဘုရား) ဒါဖြင့် ထိလို့ ပေါ်တာ . . . (မှန်ပါ) သဘောကျပြီလား . . . (ကျပါတယ် ဘုရား)။

ဒါဖြင့် "ဖဿပစ္စယာ" . . . (ဝေဒနာပါဘုရား) "ပဋိစ္စ သမုပ္ပန္န" တရားလေးပဲ . . . (မှန်ပါဘုရား) ဘယ်လိုဆိုကြမယ် . . . (ပဋိစ္စသမုပ္ပန္နတရားလေးပါဘုရား) "ပဋိစ္စသမုပ္ပါဒ်" တရား

မဟုတ်ဘူး "ပဋိစ္စသမုပ္ပန္နတရားလေး" . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

"ပဋိစ္စသမုပ္ပန္န" တရားဖြင့် ခင်ဗျားတို့ အသေအချာ စဉ်းစားကြည့်ပါတဲ့၊ သူဟာ "ပဋိစ္စသမုပ္ပန္န" တရားဖြစ်ခဲ့လို့ရှိရင် အနိစ္စလမ်း ဆုံးရမှာပဲ . . . (မှန်ပါဘုရား) မဆုံးပေဘူးလား . . . (ဆုံးပါတယ်ဘုရား)။

"ပဋိစ္စသမုပ္ပန္န" တရားဖြစ်သောကြောင့် . . . (အနိစ္စလမ်းဆုံးပါတယ်ဘုရား) ဒါကြောင့် ဘုရားက "အနိစ္စာသင်္ခတာ ပဋိစ္စသမုပ္ပန္နာ" နောက်ဆုံးပိတ်ကျတော့ ခယဓမ္မာ၊ မလာဘူးလား . . . (လာပါတယ်ဘုရား) ဝယဓမ္မာလို့ (လာပါတယ်ဘုရား)၊ ဝိရာဂဓမ္မာလို့ မလာဘူးလာ . . . (လာပါတယ်ဘုရား)။

ဩော် ဒါဖြင့် သူ့ "ပဋိစ္စသမုပ္ပန္န" တရားလေးပဲလို့ ဆိုပြီးသကာလ ခင်ဗျားတို့က ဒီအတိုင်း ကြည့်ပြီးသကာလ နေလို့ရှိရင်ဖြင့်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ်လဲပါတယ် ကမ္မဿကတာဉာဏ်တွေကော . . . (ပါပါတယ်ဘုရား)။

ပါသွားတယ်တဲ့၊ ဒီတစ်လုံးထဲမှာ အကုန်ပါသွားတာပဲ . . . (မှန်ပါဘုရား) နားကြီးကြီးနဲ့ထောင်မှ ဒီဥစ္စာပေါ်လာတော့တယ်၊ နားသေးသေးနဲ့ ထောင်နေလို့ရှိရင် ဘာပြောနေပါလိမ့် ဆိုတဲ့ အဓိပ္ပာယ် ဖြစ်နေဦးမယ် . . . (မှန်ပါဘုရား)။

ခုတော့၊ ဩော် . . . သူသည် သဒ်တတရားလည်း ဟုတ်ပါပေတယ်၊ ပဋိစ္စသမုပ္ပန္န တရားလည်း . . . (ဟုတ်ပါတယ် ဘုရား) ဟုတ်ပါပေတယ်၊ ပဋိစ္စသမုပ္ပန္နတရား ဖြစ်ခဲ့လို့ရှိရင် ဒုက္ခက္ခန္ဓသာ ဖြစ်ရတော့မယ် . . . (မှန်ပါဘုရား) မဖြစ်ပေ ဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

ဒုက္ခက္ခန္ဓသာ ဖြစ်တဲ့အခါကျတော့၊ ဩော် ဒါ ဒုက္ခသစ္စာ ပဲလို့ ရှုရင်လည်း မလွဲပါဘူး . . . (မလွဲပါဘူးဘုရား) ဒုက္ခသစ္စာ ဆိုရင်လည်း ဟုတ်တာပါပဲဆိုတာ ကျေနပ်ကြပါတဲ့၊ သဘော ပါရဲ့လား . . . (ပါပါတယ်ဘုရား)။

ဒါဖြင့် အင်း . . . ဒီဥစ္စာ တစ်လုံးတည်း ပြောနေပြား သော်လည်း၊ ဒုက္ခဝေဒနာပြောသဖြင့် သုခဝေဒနာလည်း "အနိစ္စာ သခ်တာ ပဋိစ္စသမုပ္ပန္နာ" ပဲ . . . (မှန်လှပါဘုရား) ဥပေက္ခာ ဝေဒနာကော "အနိစ္စာ သခ်တာ ပဋိစ္စသမုပ္ပန္နာ" အတူတူပဲဗျ။ ဒါတွေဟာ အကုန်ရှုနိုင်တာတွေချည့်ပဲ။

ဘုရားက ဒါကြောင့် ဝေဒနာနုပဿနာ ဆိုပြီးသကာလ သုံးပါးလည်းဟောခဲ့တယ်၊ ငါးပါးလည်း ဟောခဲ့တယ်၊ တချို့ အများကြီးလည်း ဟောနိုင်ပါတယ်။

## ဝေဒနာနဲ့စိတ် ရောပြီးဟောတယ်

အဲဒော့ ဒီနေ့ညမှာ ဝေဒနာရော၊ စိတ်ရော၊ ရောဟော

တယ်လို့ မှတ်ပါ . . . (မှန်ပါဘုရား) ဘယ်လိုမှတ်ကြမယ် . . . (ဝေဒနာရော၊ စိတ်ရော၊ ရောပြောတာပါဘုရား)။

ဝေဒနာအဖြစ်နဲ့ ရှုလည်း ဝေဒနာသန်သန် ရှုလည်း ရတာပဲ . . . (မှန်ပါဘုရား) စိတ်ကို အမှတ်ထားပြီး ရှုရမယ် ဆိုရင်ကော . . . (ရပါတယ်ဘုရား) ရတာပဲတဲ့။

သို့သော် ဘာဖြစ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဝေဒနာနုပဿနာ စိတ္တာနုပဿနာလို့ ဟောရပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့၊ ဒါ တစ်ခုရှု အကုန်ပါ ပါရဲ့သားနဲ့၊ အို တဏှာများတဲ့ ပုဂ္ဂိုလ်၊ ဒိဋ္ဌိများတဲ့ ပုဂ္ဂိုလ်တွေက ရှိသေးတယ်ကွ . . . (မှန်ပါဘုရား) သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

## တဏှာများတဲ့ပုဂ္ဂိုလ်ဝေဒနာရှု

တဏှာများတဲ့ ပုဂ္ဂိုလ်ကျတော့ ဝေဒနာရှုမှ နိဗ္ဗာန် ရောက်လွယ်တယ်ကွ . . . (မှန်ပါဘုရား)။

ဒိဋ္ဌိများတဲ့ ပုဂ္ဂိုလ်ကျတော့ စိတ်ရှုမှ နိဗ္ဗာန် ပေါက်ရောက် လွယ်တယ်ကွ . . . (မှန်ပါဘုရား) သမ္မောအဋ္ဌကထာ ဆရာ ကလည်း ပြောရရှာတယ် . . . (မှန်ပါဘုရား) မပြောရပေဘူး လား . . . (ပြောရပါတယ်ဘုရား)။

ထိုကဲ့သို့ ပြောရမှုသည်ကားလို့ ဆိုလို့ရှိရင်လည်းတဲ့၊ သတ္တဝါတွေက စရိုက် အမျိုးမျိုး . . . (မှန်လှပါဘုရား)။

တဏှာစရိုက်ရှိတဲ့ ပုဂ္ဂိုလ်ရှိတယ်၊ ဒိဋ္ဌိစရိုက်ကော . . . (ရှိပါတယ်ဘုရား) ဒိဋ္ဌိစရိုက်လည်း ရှိတာပဲ တဏှာစရိုက်လည်း ရှိတာပဲ။

အဲဒီ စရိုက်တွေ လိုက်ပြီးသကာလ သတိပဋ္ဌာန်လေးပါး ပြားရတယ် . . . (မှန်ပါဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား) သတိပဋ္ဌာန်လေးပါးသည် ဘာကြောင့် လေးပါးဖြစ်လာပါလိမ့် . . . (စရိုက်ကြောင့်ပါဘုရား)။

## ဉာဏ်ထိုင်းတဲ့ပုဂ္ဂိုလ်ကာယာနုပဿနာရှု

ဉာဏ်လေးတဲ့ ပုဂ္ဂိုလ်ကျတော့ ကာယာနုပဿနာ ရုပ်ကြီးရှုခိုင်းတယ် . . . (မှန်ပါဘုရား) ဟုတ်ဖူးလား။

ဉာဏ် အင်မတန် ထက်တဲ့ပုဂ္ဂိုလ်ကျတော့ ဓမ္မာနုပဿနာ ဆိုတဲ့ သစ္စာတွေ ရှုခိုင်းထားတယ် . . . (မှန်ပါ) ဒုက္ခသစ္စာတွေ ရှုခိုင်းထားတယ်ဆိုတော့ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေသည် သတိပဋ္ဌာန်လေးပါးဟာ ဘယ်လိုပင်ပြားပြား နောက်ဆုံးပိတ်ကျလို့ရှိရင် မှတ်လိုက် **“သမုဒယဓမ္မာနုပဿီဝါ ဝယဓမ္မာနုပဿီဝါ”** ရောက်ရင် အကုန်ဆုံးတာပဲ . . . (မှန်ပါဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဝေဒနာရှုတဲ့ပုဂ္ဂိုလ်လည်း ဖြစ်တာနဲ့ ပျက်တာမြင်ရင် သတိပဋ္ဌာန်လမ်း ဆုံးသွားတာပဲ . . . (မှန်ပါဘုရား) သဘော ကျပြီလား . . . (ကျပါတယ်ဘုရား)။

## သတိပဋ္ဌာန်သုံးမျိုး

ဒါကြောင့် တချို့နေရာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သတိပဋ္ဌာန်၊ သတိပဋ္ဌာနဘာဝနာ၊ သတိပဋ္ဌာန်လမ်းဆုံးဆိုပြီတော့ သံယုတ်ပါဠိတော်များ ဟောထားတာ ရှိသေးတယ် . . . (မှန်ပါ) သတိပဋ္ဌာန် သုံးမျိုးဟောထားတာ (မှန်ပါ)။

(၁) သတိပဋ္ဌာန် တစ်မျိုး . . . (မှန်ပါ) (၂) သတိပဋ္ဌာန ဘာဝနာတစ်မျိုး (မှန်ပါ) (၃) သတိပဋ္ဌာန်လမ်းဆုံးတစ်မျိုး . . . (မှန်ပါဘုရား) ပွားနေတုန်း လမ်းမဆုံးသေးဘူး၊ ဆုံးသွားတာက တစ်မျိုး . . . (မှန်ပါဘုရား) နိဗ္ဗာန်မြင်တဲ့ဆီကျမှ ဆုံးမှာကိုး . . . (မှန်ပါဘုရား)။

**အဲဒါကြောင့် သတိပဋ္ဌာန်ဆိုတာက သိသိနေတာလေးဟာ သတိပဋ္ဌာန်၊ ဩဘ် - သုခံ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။**

## သတိပဋ္ဌာနဘာဝနာ

သုခဝေဒနာလေးဖြစ်တာ သိသိ သိသိနေလို့ရှိရင် ဒါ သတိပဋ္ဌာန်ပဲ ရှိသေးတယ် . . . (မှန်ပါဘုရား) သမုဒယနဲ့ ဝယ ဖြစ်တာနဲ့ ပျက်တာမြင်ပြီ ဆိုလို့ရှိရင် သတိပဋ္ဌာန ဘာဝနာ ဖြစ်ပြီ. . . (မှန်လှပါဘုရား) သဘောကျပြီလား . . . (ကျပါပြီ ဘုရား)။

## သတိပဋ္ဌာန်လမ်းဆုံး

သတိပဋ္ဌာန ဘာဝနာ လမ်းဆုံးဆိုတာက ခင်ဗျားတို့ သန္တာန်မှာ ဒီဖြစ်မှု ပျက်မှုတွေကို၊ မလိုချင်တော့ပါဘူး၊ မရချင် တော့ပါဘူး၊ ဒုက္ခသစ္စာ အစစ်ပါပဲဆိုတဲ့ "ဝိရာဂေါ" ဆိုတဲ့ မဂ်ပေါ်လာလို့ရှိရင် သတိပဋ္ဌာန် လမ်းဆုံးတယ် . . . (မှန်ပါ ဘုရား)။

ဒါကြောင့် သတိပဋ္ဌာန် ဘယ်နှစ်မျိုးရှိတုံး . . . (သုံးမျိုး ရှိပါတယ်ဘုရား) သတိပဋ္ဌာန်တစ်မျိုး . . . (မှန်ပါ) သတိပဋ္ဌာန ဘာဝနာ . . . (တစ်မျိုးပါဘုရား) သတိပဋ္ဌာန်လမ်းဆုံးက . . . (တစ်မျိုးပါဘုရား)။

အေး . . . ဒါကြောင့် ခင်ဗျားတို့ ဆရာလိုတယ်ဆိုတာ ဦးသံဒိုင်တို့ ပေါ်ပြီ . . . (ပေါ်ပါပြီဘုရား) သိတယ်၊ သိတယ်၊ သိတယ်လုပ်နေတာ ဒါ သတိပဋ္ဌာန် ရှိသေးတာ . . . (မှန်ပါ ဘုရား)။

## သတိပဋ္ဌာန်ပဲရှိသေးတယ်

စားတာ သိတယ်၊ သွားတာသိတယ်၊ နေတာသိတယ် ထိုင်တာသိတယ်ဆိုတာ ဒါ သတိပဋ္ဌာန်ပဲ ရှိသေးတာ၊ သတိပဋ္ဌာန ဘာဝနာကို မဖြစ်သေးဘူး . . . (မှန်ပါဘုရား)။

"သမုဒယဓမ္မာ နုပဿီဝါ၊ ဝယဓမ္မာနုပဿီဝါ" ကို၊ ကြော် . . . ဖြစ်တာနဲ့ ပျက်တာပဲ ဖြစ်တာနဲ့ ပျက်တာပဲကို ဖြိုင်ဖြိုင်သိနေလို့ရှိမှ သတိပဋ္ဌာန ဘာဝနာဖြစ်ပါတယ် . . . (မှန်ပါဘုရား)။

## ဒုက္ခသစ္စာမလိုချင်မှ လမ်းဆုံးတယ်

အဲ့ဒီလို ဘာဝနာတွေ ပွားဖန်များပြီးသည့် အခြားမဲ့၌ သတိပဋ္ဌာန်၏ အာရုံတွေဟူသ၍ ဒုက္ခသစ္စာဖြစ်ပြီးတော့ ဒီဒုက္ခသစ္စာ မလိုချင်တဲ့အခါကျတော့ "သတိပဋ္ဌာန ဘာဝနာ ဂါမိနီ ပဋိပဒါ" ဆိုတာ သတိပဋ္ဌာန်လမ်းဆုံးဆိုပါတယ် . . . (မှန်ပါဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် သတိပဋ္ဌာန် ဘယ်နှစ်မျိုးရှိသတုံး . . . (သုံးမျိုးရှိပါတယ်ဘုရား) ကဲ ပြန်ပြောပါဦးမယ် (၁)။ သတိပဋ္ဌာန်တစ်မျိုး (၂) သတိပဋ္ဌာန ဘာဝနာတစ်မျိုး၊ သတိပဋ္ဌာန်၏ ကိစ္စ အပြီးအဆုံးတစ်မျိုး . . . (မှန်ပါဘုရား) မြန်မာလိုပြောတာ၊ ပါဠိလိုပြောတော့ . . . ၃။ "သတိပဋ္ဌာန ဘာဝနာ ဂါမိနီ ပဋိပဒါ" လို့ ဘုရားက ဟောတယ်. . . (မှန်ပါဘုရား)။

ခင်ဗျားတို့က အဲဒီလောက်ကျအောင် လျှာရှည်နေရင် မသိမှာမိုလို့ သတိပဋ္ဌာန်တစ်မျိုး . . . (မှန်ပါ) သတိပဋ္ဌာန ဘာဝနာ . . . (တစ်မျိုးပါဘုရား)။ သတိပဋ္ဌာန် လမ်းဆုံး တစ်မျိုး မဂ်စစ်ဆိုက်ရင် သတိပဋ္ဌာန်လမ်းဆုံးဆိုပါတယ် . . . (မှန်ပါ ဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

## ဝေဒနာဆိုတာ နာမည်ပါ

ဒါဖြင့် ခင်ဗျားတို့သည် အသေအချာ ဘုန်းကြီးက ခုအခါမှာ အဖြစ်အပျက်မြင်အောင် ကြည့်ပါ၊ ဝေဒနာဆိုတာ နာမည်ပါ၊ ဖြစ်မှုနဲ့ပျက်မှု ဒတွေ့စေချင်တယ် . . . (မှန်ပါဘုရား)။

စိတ်ဆိုတာ နာမည်ပါ၊ ဖြစ်မှုနဲ့ ပျက်မှုတွေ့ချင်ပါတယ် . . . (မှန်ပါ) ဒါတွေ့လိုရင်းပါ ဆိုတော့၊ ဘာဝနာကို တွေ့စေ ချင်တယ် . . . (မှန်ပါ) ရှင်းပြီလား။

ဘာကို တွေ့စေချင်တုံး . . . (ဘာဝနာကို တွေ့စေချင် ပါတယ်ဘုရား)။ သတိပဋ္ဌာန ဘာဝနာကို တွေ့စေချင်တယ်တဲ့၊ ဘာဝနာတွေ့လို့ရှိရင်တော့ဖြင့်တဲ့ ဉာဏ်စဉ်အတိုင်း ဆုံးသွားတာ . . . (မှန်ပါဘုရား)။

သတိပဋ္ဌာန်လောက်နဲ့ ဆိုရင် သတိပဋ္ဌာန ဘာဝနာ တက်ရမယ် . . . (မှန်ပါဘုရား) မတက်ရဘူးလား . . . (တက်ရ မှာပါဘုရား) ဒါဖြင့် စားတာသိတယ်၊ နေတာသိတယ်၊ ထိုင်တာ

သိတယ်၊ ပြောတာသိတယ်၊ အိပ်တာသိတယ်ဆိုတာ ဘာတဲ့ဗျ၊ . . . (သတိပဋ္ဌာန်ပါဘုရား)။

## ဖြစ်ပျက်မြင်မှသာ ဘာဝနာရောက်တယ်

သတိပဋ္ဌာန်ပဲ ရှိသေးတယ်၊ သတိပဋ္ဌာန ဘာဝနာကို မရောက်သေးဘူး . . . (မှန်ပါဘုရား) ဘယ်ကျမှ ဘာဝနာ အဖြစ် ရောက်ပါလိမ့်မတုံး . . . (ဖြစ်ပျက်မြင်မှပါဘုရား) အဲ ဖြစ်ပျက် မြင်မှသာလျှင် ဘာဝနာ ရောက်တယ် . . . (မှန်ပါဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

"သတိပဋ္ဌာန ဘာဝနာ ဂါမိနီ ပဋိပဒါ" ဆိုတာ သတိပဋ္ဌာန်ဆိုတာ၊ ဂါမိနီ = ရောက်ကြောင်း သတိပဋ္ဌာန် အကျင့်ဆိုတော့၊ သတိပဋ္ဌာန်ကျင့်လို့ နိဗ္ဗာန်မြင်တဲ့အကျင့်က တော့ဖြင့် ဒကာဒကာမတို့ ဒုက္ခသစ္စာ ဆုံးသွားမှပဲ ဒီ "သတိ ပဋ္ဌာန ဘာဝနာ ဂါမိနီပဋိပဒါ" ဆိုတာ သွားဖြစ်တယ် (မှန်ပါ ဘုရား) ဒုက္ခချုပ်သွားမှ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

သတိပဋ္ဌာန် ဘယ်နှစ်မျိုးရှိသတုံး . . . (သုံးမျိုးရှိပါတယ် ဘုရား) တစ်နံပါတ်က ဘာပါလိမ့် . . . (သတိပဋ္ဌာန်ပါဘုရား) နှစ်နံပါတ်က (သတိပဋ္ဌာန ဘာဝနာပါဘုရား) သုံးနံပါတ်က . . . (သတိပဋ္ဌာနဘာဝနာ လမ်းဆုံးပါဘုရား) သတိပဋ္ဌာန ဘာဝနာ လမ်းဆုံးပဲ . . . (မှန်ပါဘုရား)။

## မဂ်ပေါ်ရင် ရှေ့တက်စရာ မရှိတော့

သတိပဋ္ဌာန် လမ်းဆုံးပြီ၊ ရှေ့တက်စရာ မရှိဘူး၊ သတိပဋ္ဌာန်ဆိုတာ မဂ်ပေါ်လို့ရှိရင် ဦးသံဒိုင် ရှေ့ ဘာလုပ်စရာ ရှိသေးတုံး . . . (မရှိပါဘူးဘုရား) မရှိဘူးတဲ့၊ မသေခင် တစ်မဂ် ပေါ်လည်း သူ့ဟာနဲ့သူ ပြီးတာပဲ နောက်တစ်မဂ်ကျတော့လည်း ဒီသုံးခုနဲ့ တက်ရမှာ (မှန်ပါဘုရား)။

## နောက်မဂ်လိုလည်း ဒီသုံးခုတက်

နောက်တစ်မဂ်ကျပြန်တော့ကော . . . (ဒီသုံးခုနဲ့ တက်ရမှာပါဘုရား) နောက်တစ်မဂ်ကျပြန်တော့ကော . . . (ဒီသုံးခုနဲ့ပဲ တက်ရမှာပါဘုရား) ဒီသုံးခုနဲ့ပဲ တက်တက် တက်ပြီး သကာလ သွားကြရမယ်ဆိုတော့ ဩော် . . . ဒီနေ့ည ဘာဟောနေပါလိမ့်မတုံးဆိုတော့ အလုပ်စဉ် တက်နည်းကို လည်း ဟောနေတယ် . . . (မှန်ပါဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဘာဟောနေပါလိမ့် . . . (အလုပ်စဉ်တက်နည်း ဟောနေပါတယ်ဘုရား) အဲဒါ ဒီအတိုင်း လုပ်ရလိမ့်မယ်၊ ဒီအတိုင်းနှလုံးသွင်းရလိမ့်မယ်၊ ဒီအတိုင်း ကြိုးစားရလိမ့်မယ် ဆိုတာ မောင်သစ်ငြင်းဖို့ မလိုဘူး . . . (မလိုပါဘူးဘုရား)။

•

အဲတော့ ထိုင်ရင်း၊ သွားရင်း၊ နေရင်း၊ ထိုင်ရင်း တချို့နေရာမှာ အသိတရားရှိရမယ်ဆိုတဲ့ ဥစ္စာသည် သတိနဲ့ သမ္ပဇဉ ဟာက အချို့နေရာမှာ သတိဦးစီးတဲ့နေရာကျတော့ သမ္ပဇဉက နောက်ကျချင် နောက်ကျတာ . . . (မှန်ပါ)။

## သတိပဋ္ဌာန်အရင်ဟောတယ်

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရှေးဦးစွာ သတိပဋ္ဌာန်မှာတော့ဖြင့် သတိပဋ္ဌာန်ပဲ အရင်ဟောလိုက်တယ် . . . (မှန်ပါဘုရား)။

ဘယ်လို ဟောလိုက်သတုံးဆိုတော့ **သုခံ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။**

ဝေဒနာ ခံစားကဲ့ပုဂ္ဂိုလ် ဝေဒနာခံစားတယ်လို့ သိရင်တော်ပြီကွ . . . (မှန်ပါ) သဘောကျပြီလား. . . (ကျပါတယ်ဘုရား) ဖြစ်ပျက်မပါဘူး သူက (မပါပါဘူး ဘုရား)။

နောက်ကျတော့၊ အဲဒီ ဖြစ်ပျက်မပါတော့၊ သက္ကာယဒိဋ္ဌိက မပြုတ်ပဲ ဖြစ်နေတော့ သမုဒယ ဓမ္မာနုပဿီဝါ၊ ဝယဓမ္မာနုပဿီဝါ ဆိုပြီး သက္ကာယဒိဋ္ဌိ ပြန်ဖြုတ်ရပြန်တယ် . . . (မှန်ပါဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

## သတိပဋ္ဌာန်နဲ့ ဒိဋ္ဌိမပြုတ်

အဲတော့ သတိပဋ္ဌာန်လောက်နဲ့ သက္ကာယဒိဋ္ဌိက မပြုတ်သေး (မှန်ပါဘုရား) သတိပဋ္ဌာန ဘာဝနာကျတော့ ဖြစ်မှု ပျက်မှု ကျတော့ ဩော် . . . ငါ ငါ့ဥစ္စာမရှိပါလား၊ ဖြစ်ပျက်တဲ့ တရားသာ ရှိပါလားလို့ ဆိုတော့ သက္ကာယ ဒိဋ္ဌိက ဘယ့်နှယ် နေတုံး . . . (ပြုတ်ပါတယ်ဘုရား)။

အဲဒီ ပြုတ်ပြီးတော့မှ ခင်ဗျားတို့ သစ္စာကို တက်ယူပါ . . . (မှန်ပါဘုရား) ဒီဖြစ်ပျက်က ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာ ပါဘုရား) ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာလို့ ခင်ဗျားကို့က ပွားများပြီး သကာလ ဘာဝေတဗ္ဗ ကိစ္စ၊ မဂ်-ဘာဝေတဗ္ဗကိစ္စနဲ့ ပွားပေ့ါဗျာ . . . (မှန်ပါဘုရား)။

## လောကီမဂ်ကို ပွားရမယ်

အဲတော့ မဂ် ဘာဝေတဗ္ဗကိစ္စနဲ့ ပွားများရမယ်ဆိုတာ လည်း ဦးသံဒိုင်က အထူးမှတ်၊ ဒကာသစ်တို့က အထူးမှတ် နော် . . . (မှန်ပါဘုရား)။

လောကီ မဂ်ဆိုတာ . . . (မှန်ပါ) လောကုတ္တရာမဂ်က မဂ္ဂါဘိညာ သက်ိမတာ ဆိုသောကြောင့် တစ်ကြိမ်သာဖြစ်တာ . . . (မှန်ပါဘုရား) လောကီမဂ်ကတော့ဖြင့် . . . (ပွားရမှာပါ ဘုရား) အကြိမ်များစွာ ပွားရမယ် . . . (မှန်ပါဘုရား)။

## လောကုတ္တရာမဂ်ကတစ်ကြိမ်ပဲ

လောကုတ္တရာမဂ်ကတော့ . . . (တစ်ကြိမ်ပါပဲဘုရား) အဲတော့ ပဋိသမ္ဘိဒါမဂ်က ဒါလောကီမဂ်ကိုသာ ဆိုတာပါတဲ့ မဂ်ဟာ ဘာဝေတဗ္ဗဆိုတာ လောကီမဂ်ကိုသာ ဆိုတာပါ (မှန်ပါ)။

လောကုတ္တရာမဂ်ကို . . . (မဆိုပါဘူးဘုရား) မဂ် နှစ်ကြိမ်ဖြစ်နေလို့ရှိရင်ဖြင့် ကိလေသာက အတော် တောထနေ လို့ ကိလေသာမနိုင်လို့သာလျှင် ဓားနဲ့နှစ်ချက်ခုတ်နေရတဲ့ သစ်တုံးတစ်ခုလို့ ဆိုတဲ့ အဓိပ္ပာယ်ရောက်သွားမှာပေါ့ . . . (မှန်ပါဘုရား) မရောက်ပေဘူးလား . . . (ရောက်ပါတယ် ဘုရား)။

အဲဒါကြောင့် သတိပဋ္ဌာနဘာဝနာသည် ပွားများရမယ် ဆိုတဲ့ဥစ္စာ၊ သမုဒယ၊ ဝယကို ပွားများရမယ်ဆိုတာ အဲဒီရောက် မှ ဝိပဿနာမဂ် အစစ်ပေါ်တယ်ပြောတာ . . . (မှန်ပါဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဟိုဟာက သတိပြဋ္ဌာန်းတယ်၊ နောက်ဟာက ပညာ ပြဋ္ဌာန်းတယ် . . . (မှန်ပါဘုရား) သတိကတော့ အတွင်းငုပ် သွားတယ် . . . (မှန်ပါဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဦးသံဒိုင်တို့ ဘယ်ကျအောင် လုပ်ရမှာတုံး . . . (သတိပဋ္ဌာန်လမ်းဆုံးကျအောင် လုပ်ရမှာပါဘုရား)။ "သတိ

ပဋ္ဌာန ဘာဝနာ ဂါမိနီ ပဋိပဒါ" (မှန်ပါဘုရား) နိဗ္ဗာန်ရောက်တဲ့ အကျင့်တိုင်အောင် နိဗ္ဗာန်အာရုံပြုနိုင်တဲ့ မဂ္ဂင်ရှစ်ပါး ပေါ်သည့် တိုင်အောင် လုပ်ရလိမ့်မယ်ဆိုတာ ဒီနေ့ည မှတ်ရမယ် . . . (မှန်ပါဘုရား)။

မမှတ်ထိုက်ဘူးလား . . . (မှတ်ထိုက်ပါတယ်ဘုရား) သဘောပါကြပြီလား . . . (ပါပါတယ်ဘုရား)။

သတိပဋ္ဌာန် ဘယ်နှစ်မျိုးရှိတုံး . . . (သုံးမျိုးရှိပါတယ် ဘုရား) တစ်နံပါတ်က . . . (သတိပဋ္ဌာန်ပါဘုရား) နှစ်နံပါတ် က . . . (သတိပဋ္ဌာန ဘာဝနာပါဘုရား) သုံးနံပါတ်က (သတိ ပဋ္ဌာနဘာဝနာ လမ်းဆုံးပါဘုရား)။

## ခင်စစ်က မဂ္ဂင်ကိုဟောတာ

သတိပဋ္ဌာန ဘာဝနာ လမ်းဆုံးဆိုပြီး သကာလ ဘုရား သခင်ကိုယ်တော်မြတ်ကြီးက ခင်ဗျားတို့ နားလည်မှုကို ပြောလိုက် ပါတယ်တဲ့၊ စင်စစ်တော့ဖြင့် "သတိပဋ္ဌာန ဘာဝနာ ဂါမိနီပဋိ ပဒါ" ဆိုပြီးတော့ မဂ္ဂင်ကို သူဟောပါတယ် . . . (မှန်ပါဘုရား) ပေါ်ကြပြီလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် အယားဖျောက်တတ်ပြီလားလို့ မေးတယ် . . . (ဖျောက်တတ်ပါပြီဘုရား) ဘာနဲ့ ဖျောက်မလဲ လက်နဲ့ ဖျောက်မလား၊ ဉာဏ်နဲ့ဖျောက်မှာလား . . . (ဉာဏ်နဲ့ဖျောက်ရ မှာပါဘုရား) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

## ယားတာကို ညာဏ်နဲ့ဖျောက်ရမယ်

ညာဏ်နဲ့ ဖျောက်လိုက်လို့ရှိရင်ဖြင့်တဲ့ ဒုက္ခနောက်က ဒေါမနဿမလာပါဘူး . . . (မလာပါဘူးဘုရား) ဒုက္ခနောက်က . . . (ဒေါမနဿ မလာပါဘူးဘုရား) ဒေါမနဿ နောက်လည်း သောမနဿ . . . (မလာပါဘူးဘုရား)။

သောမနဿနောက်ကလည်း ဥပေက္ခာ . . . (မလာပါဘူးဘုရား) ဒါဖြင့် ဒီလိုဆိုကြစို့ ဒေါသလည်းမလာ၊ လောဘလည်း မလာ၊ အဝိဇ္ဇာဆိုတာကော . . . (မလာပါဘူးဘုရား)။

မလာတော့ . . . ဩော် . . . သုတဝါ အရိယသာဝကော ဖြစ်မှသိရတယ် . . . (မှန်ပါဘုရား) အိမ်မှာနေလို့တော့ . . . (မသိရပါဘူးဘုရား) အိမ်မှာနေလို့ ဘယ်နည်းနဲ့မှ မသိဘူး ဆိုတဲ့ဥစ္စာ ထင်ရှားပါတယ် . . . (မှန်ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ "အသုတဝါ ပုထုဇ္ဇနော" က ဘယ်တက်ရမယ် . . . (သုတဝါ ပုထုဇ္ဇနောပါဘုရား) "သုတဝါ ပုထုဇ္ဇနော" က ဘယ်တက်ရမယ် . . . (အရိယောပါဘုရား) အရိယော ဘက်တက်ရမယ်။

ဒီလိုမတက်ရင်လည်း . . . (မရပါဘူးဘုရား) မရဘူးဆိုတာ ပေါ်ကြပြီလား . . . (ပေါ်ပါပြီဘုရား) ဒါဖြင့် ဒီနေ့ညမှာ အတော်အရေးကြီးတဲ့ အချက်သုံးချက်ကို သတိပဋ္ဌာန်သုံးမျိုး ရယ်၊ ပုထုဇဉ်နှစ်မျိုးက အရိယော ထိအောင် တက်ပုံရယ်

ဆိုရင်ဖြင့် ဒကာဒကာမတွေ ဒါအလုပ်စဉ်ဟာ ဒီလို သွားရမှာပဲ . . . (မှန်ပါဘုရား)။

ဒါ ပါဠိတော်တွေ အကုန်ရှိပြီးသားနော် . . . (မှန်ပါဘုရား) နောက်ပြောတာကလည်း သံယုတ်ပါဠိတော်ပဲ . . . (မှန်ပါ) အရင် ဝေဒနာတွေ ပုထုဇဉ် ခံစားပုံနဲ့ အရိယာ ခံစားပုံကို ပြောတာလည်း သံယုတ်ပါဠိတော်ပဲ . . . (မှန်ပါဘုရား) ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား) ကဲ ရှင်းရင် ယနေ့ ဒီတွင်တော်ကြစို့။

သာဓု . . . သာဓု . . . သာဓု။